# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


## ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက် | ၂၀၂၃ ခုနှစ်၊ မေ ၇ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၂)၊ အမှတ်(၂၁၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ချီးမြှင့်

နေပြည်တော် မေ ၆

၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမအနီးရှိ လဟာပြင်ကဇာတ်ရုံ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ချီးမြှင့်ပြီး အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး နာယကများ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသဘင်၊


*စာမျက်နှာ ၅ ကော်လံ ၁* ◆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၂၀၂၂) ခုနှစ်အတွက် အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုရ ပြေတီဦးအား အကယ်ဒမီရွှေစင်ရုပ်တု ပေးအပ်ချီးမြှင့်စဉ်။


**ယနေ့** ဖတ် စ ရာ

၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်း လူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်များ၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ — ပြည်တွင်းသတင်း — စာ ၁၂

မရေရာ မသေချာမှုကြားမှ အိမ်ပြန်ချင်ကြသူများအတွက် . . . — ဆောင်းပါး — စာ ၁၆

သန့်ရှင်းသာယာသောမြို့၊ ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက် — ပြည်တွင်းသတင်း — စာ ၁၈

## မြန်မာ့အလင်း

# ရုပ်ရှင်အနုပညာစွမ်းပကားဖြင့် နိုင်ငံနှင့် ပြည်သူအတွက် တာဝန်ကျေပွန်

၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲကြီးကို ခမ်းခမ်းနားနား၊ အောင်အောင်မြင်မြင်၊ ပျော်ပျော်ရွှင်ရွှင် ကျင်းပပြီးခဲ့ပြီ ဖြစ်သည်။ ပြီးခဲ့သည့် သုံးနှစ်တာကာလအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကဏ္ဍများစွာတို့၌ ထိခိုက်ခံစားခဲ့ရမှုများ ရှိခဲ့ရာတွင် အရှေ့တစ်ခုဆီသို့ ရောက်ရှိနေသည့် မြန်မာ့ရုပ်ရှင်လောကလည်း ပါဝင်သည်။ နိုင်ငံတစ်ဝန်းလုံးတွင် ရှိနေသည့် ရုပ်ရှင်ရုံများတွင် ပြသမှုရပ်ဆိုင်းခဲ့ရခြင်းနှင့် အတူ ရုပ်ရှင်ကိုအမှီပြု၍ အသက်မွေးဝမ်းကျောင်းနေကြရသည့် အလွှာအသီးသီးတို့မှ ရုပ်ရှင်လောကသားများစွာ အခက်အခဲများ ကြုံတွေ့ကြရသည့် သတင်းများကိုလည်း ကြားသိခဲ့ရသည်။

၂၀ ရာစု စဦးပိုင်းကာလ အများပြည်သူကြည့်ရှုနိုင်သည့် ရုပ်ရှင်ဇာတ်ကားများ ပေါ်ပေါက်လာချိန်မှစ၍ ရုပ်ရှင်သည် လူများ၏ စိတ်ကိုဆွဲဆောင် ဖမ်းစားနိုင်သော အနုပညာနှင့် အတတ်ပညာတို့ ပေါင်းစပ်ထားသည့် မီဒီယာတစ်ခုဖြစ်ခဲ့သည်။ လူအများအပေါ် လွှမ်းမိုးနိုင်စွမ်းကြီးမားသည့် အလျောက် ရုပ်ရှင်မီဒီယာကို soft power အဖြစ် အသုံးချနေကြသည့် ကမ္ဘာ့နိုင်ငံများကိုလည်း တွေ့ရှိနိုင်သည်။ ထို့အပြင် ရုပ်ရှင်သရုပ်ဆောင်များသည် လူသိများ ထင်ပေါ်ကျော်ကြားသူများဖြစ်ကြပြီး ၎င်းတို့ကို အားပေးချစ်ခင်ကြသည့် ပရိသတ်များလည်းရှိကြရာတွင် နိုင်ငံရေးပါတီများက ယင်းအချက်ကို အသုံးချလေ့ရှိကြသည်များကိုလည်း တွေ့ရှိနိုင်သည်။

"အနုပညာတစ်ရပ်က ပေးလိုက်သည့် အကြောင်းတရားများသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုတန်ဖိုးကို ပြသရာရောက်သည့်အတွက် ရုပ်ရှင်အနုပညာက ပေးစွမ်းနိုင်မှုများသည် အင်မတန်အရေးပါအရာရောက်သည်ဟု မိမိအနေဖြင့် တွေးမြင်ခံစားမိပါကြောင်း၊ တစ်နည်းအားဖြင့် ရုပ်ရှင်အနုပညာသည် နိုင်ငံငြိမ်းချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဩဇာသက်ရောက်မှုရှိသည့် soft power တစ်ခုဖြစ်သောကြောင့် အနုပညာရှင်များအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ကိန်းအောင်းစေရေးအတွက်ကျရာကဏ္ဍမှ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပြောကြားလိုပါကြောင်း။" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ တက်ရောက်ချီးမြှင့် အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

မိမိတို့နိုင်ငံ၏ ပစ္စုပ္ပန်ကာလအခြေအနေသည် နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ထာဝရငြိမ်းချမ်းရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောသည့် လူ့ဘောင်ဘဝ တည်ဆောက်ရေးတို့ကို တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက လိုလားတောင့်တနေချိန်ဖြစ်သည်။ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များနှင့် ရုပ်ရှင်လောကသားအားလုံးတို့က မိမိတို့၏ အနုပညာ၊ အတတ်ပညာ စွမ်းပကားများဖြင့် မျက်မှောက်ကာလ နိုင်ငံတော်နှင့် ပြည်သူလူထု၏ ပကတိလိုလားချက်များကို ထင်ဟပ်ကာ မိမိတို့ခေတ်၏ အမျိုးသားရေးတာဝန်များကို ကျေပွန်နိုင်ကြပါစေကြောင်း။ ။



## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ အော်သိုဒေါ့ဘုန်းတော်ကြီး His Eminence Sergiy နှင့်အဖွဲ့က တွေ့ဆုံဂါရဝပြု

ရန်ကုန် မေ ၆

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီး ၆ ပါးတို့အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အော်သိုဒေါ့ဘုန်းတော်ကြီး His Eminence Sergiy နှင့်အဖွဲ့က တွေ့ဆုံဂါရဝပြုသည့်အခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေ မဟာနာယကကျောင်းဆောင်ဘုရားခန်းမ၌ ကျင်းပသည်။

ဂါရဝပြုတွေ့ဆုံပွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အော်သိုဒေါ့ဘုန်းတော်ကြီး His Eminence Sergiy က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံခွင့်ရသည့်အတွက် အထူးပင်ဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံတွင် အော်သိုဒေါ့ခရစ်ယာန်ဘာသာဝင်များနှင့် မြန်မာ-ရုရှား နှစ်နိုင်ငံ အပြန်အလှန်ချစ်ကြည်ရေး၊ ဘာသာရေးဆိုင်ရာကိစ္စများကို ပူးပေါင်းဆောင်ရွက်လိုပါကြောင်း လျှောက်ထားပြီး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်က အော်သိုဒေါ့ဘုန်းတော်ကြီး His Eminence Sergiy နှင့်အဖွဲ့ လာရောက်တွေ့ဆုံသည့်အတွက် အထူးပင်ဝမ်းမြောက်ရပါကြောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေဖြင့်လည်း မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟု ဆိုအပ်သော ဗြဟ္မစိုရ်တရားလေးပါးနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း မိန့်ကြားတော်မူသည်။

ဂါရဝပြုတွေ့ဆုံပွဲ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော်အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီး ၆ ပါး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စင်ကာပူနှင့် အရှေ့တောင်အာရှ ဒေသလုံးဆိုင်ရာ အော်သိုဒေါ့ဘုန်းတော်ကြီး His Eminence Sergiy နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မေ ၆

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိ မြို့နယ်ရှိ ရွာသစ်ကြီးကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ တိပိဋကကမ္ဘောဇစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်ရှိ မင်းနန္ဒာစာသင်တိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ တုလွတ်စံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်ရှိ ပညာသိပ္ပံကျောင်းတိုက်၊ အင်းစိန်မြို့နယ်ရှိ ရွာမပရိယတ္တိ စာသင်တိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ကျိုင်းငမ်းကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ဓာတုဝိဇ္ဇာကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ရောဝတီပရဟိတဟံသာတရွေကျောင်းတိုက်၊ အောင်မြေသာစံမြို့နယ်ရှိ ဝေဠုဝန်တိုက်သစ်ကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ အောင်ပင်လယ်စာသင်တိုက်၊ လမ်းမတော်မြို့နယ်ရှိကျောက်ပန်းတောင်းသာမဏေကျော်ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်


## အကောက်ခွန်ကင်းလွတ်ခွင့်ပြုကြောင်း အသိပေးကြေညာ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏အကျိုးငှာ ပြည်တွင်းလျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးအတွက် အောက်ဖော်ပြပါ ဆိုလာနှင့် ဆက်စပ်ပစ္စည်းများအား ပြည်ပမှတင်သွင်းမှုအပေါ် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကောက်ခွန်ကင်းလွတ်ခွင့်ပြုကြောင်း အသိပေးကြေညာအပ်ပါသည် -

၁။ နေရောင်ခြည်စွမ်းအင်များ ထုတ်လုပ်ပေးနိုင်သည့် အချပ်များ PV Module / Solar Module / PV Panel / Solar Panel / Solar Panel 92 Watt CIGS (Copper Indium Gallium Selenide)

၂။ နေရောင်ခြည်စွမ်းအင်သုံး ပေါင်းစပ်ထိန်းချုပ်ကိရိယာ PV / Solar (Hybrid/Smart Array) Controller, Charge Controller for PV/ Solar

၃။ နေရောင်ခြည်စွမ်းအင်သုံး အင်ဗာတာ (စထရင်း /ပေါင်းစပ်/ ဘက်ထရီ/နှစ်မျိုးသုံး/ပင်မ) PV / Solar Inverter (String / Hybrid / Battery / Bidirec-tional / Central)

၄။ အိမ်သုံးတပ်ဆင်မှုပုံစံများ (ခေါင်မိုးနှင့် မြေပြင်တွင်တပ်ဆင်ခြင်း) PV / Solar Mounted Structure, PV / Solar Mounted Frames, PV / Solar Mounted Kits (Roof and Ground Mounted)

၅။ နေရောင်ခြည်စွမ်းအင်တပ်ဆင်မှုစနစ် (ရေပေါ်တွင်တပ်ဆင်ခြင်း) PV / Solar Mounted System (Floating)

၆။ နေရောင်ခြည်စွမ်းအင်သုံး ထိန်းချုပ်ကိရိယာနှင့် ဘက်ထရီပုံး PV / Solar Controller and Battery Box (PV / Solar Controller နှင့် Battery တွဲလျက် တင်သွင်းခြင်း အတွက်သာ)

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

# မြန်မာနိုင်ငံအတွင်းသို့ မေ ၁၃ ရက်နှင့် ၁၄ ရက်ခန့်တွင် မုန်တိုင်းဝင်ရောက်မည်ဟု ခန့်မှန်းထား

**နေပြည်တော် မေ ၆**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)၊ ကာကွယ်ရေးဦးစီးချုပ် (လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

### အဖွင့်အမှာစကားပြောကြား

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် European Centre for Medium–Range Weather Forecasts (ECMWF)၊ Global Forecast System (GFS) Model (၂)ခုနှင့် မြန်မာနိုင်ငံမိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနတို့၏ ကြိုတင်ခန့်မှန်းမှုအရ ဘင်္ဂလားပင်လယ်အော်အတွင်း မေလ ၈ ရက်၌ လေဖိအားနည်းရပ်ဝန်းမှ တစ်ဆင့် မုန်တိုင်းဖြစ်ပေါ်ရာမှ အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ပြောင်းလဲကာ မြန်မာနိုင်ငံ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး စပ်ကြားနယ်မြေ(သို့မဟုတ်) ကမ်းရိုးတန်းသို့ ဖြတ်ကျော်ဝင်ရောက်နိုင်ကြောင်း ခန့်မှန်းချက်အရ ရုံးပိတ်ရက် ဖြစ်သော်လည်း နိုင်ငံတော်အတွက် အချိန်ပြည့်တာဝန်ထမ်းဆောင်ရန် တာဝန်ရှိကြသည့် မိမိတို့ ပြည်သူ့ဝန်ထမ်းများက အားလပ်ရက် အနားမယူဘဲ ပြည်သူများ သဘာဝဘေးအန္တရာယ်မှ အဆုံးအရှုံးအနည်းဆုံးဖြင့် ကျော်လွှားနိုင်ရေး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အရေးပေါ်အစည်းအဝေးအား ခေါ်ယူကျင်းပရခြင်း ဖြစ်ပါကြောင်း။

မြန်မာ့ကမ်းရိုးတန်းဒေသသို့ မုန်တိုင်းဝင်ရောက်မည့်လမ်းကြောင်းအား ဖြစ်နိုင်ခြေအရ လမ်းကြောင်း (၂) ကြောင်း ခန့်မှန်းထားပါကြောင်း၊ ပထမလမ်းကြောင်းအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့အကြားမှ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်မည့် ခန့်မှန်းလမ်းကြောင်းနှင့် ဒုတိယလမ်းကြောင်းအနေဖြင့် ရခိုင်ကမ်းရိုးတန်းသို့ ဖြတ်သန်း၍ စစ်တွေမြို့နှင့် ကျောက်ဖြူမြို့ကြားမှ ကုန်းတွင်းမုန်တိုင်းအဖြစ် ဝင်ရောက်မည်ဆိုသည့် လမ်းကြောင်းကိုလည်း ခန့်မှန်းထားပါကြောင်း၊ ယင်းတို့သည် ခန့်မှန်းချက်များ ဖြစ်ပါကြောင်း၊ အတိအကျအနေဖြင့် လေဖိအားနည်းရပ်ဝန်းစတင်၍ မုန်တိုင်းဖြစ်ပေါ်လာမှသာ ဝင်ရောက်မည့်လမ်းကြောင်းကို သိရှိရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်းသို့ မေ ၁၃ ရက်နှင့် ၁၄ ရက်ခန့်တွင် မုန်တိုင်းဝင်ရောက်မည်ဟု ခန့်မှန်းထားကြပါကြောင်း။

### လုပ်ငန်းစဉ်များ ပြင်ဆင်ဆောင်ရွက်

ထို့ကြောင့် မုန်တိုင်းဝင်ရောက်လာမည်ဆိုပါက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ယခုကတည်းကပင် စတင်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု တည်မြဲအမိန့်(၂၀၂၂)ခုနှစ်ကို ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ တပ်မတော်ပိုင်းဆိုင်ရာတွင်လည်း ထုတ်ပြန်ထားသကဲ့သို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှလည်း ပြုစုပြီး ထုတ်ပြန်ထားခြင်းများ ရှိပါကြောင်း၊ အလားတူ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်လည်း သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနှင့်ပတ်သက်သည့် တည်မြဲအမိန့်၊ လုပ်ထုံးလုပ်နည်းများကို ရေးဆွဲထားပြီးဖြစ်မည်ဟု ယုံကြည်ပါကြောင်း။

အကယ်၍ မုန်တိုင်းသည် တခြားနေရာများသို့ လမ်းကြောင်းပြောင်း၍ ဝင်ရောက်သွားပါကလည်း မိမိတို့အတွက် ယခုလိုကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းသည် လေ့ကျင့်ဆောင်ရွက်ပြီး အကျိုးကျေးဇူးကို ရရှိမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြင်ဆင်မှုသည် မဖြစ်မနေဆောင်ရွက်ရမည့် ကိစ္စတစ်ရပ်ဖြစ်သည့်အတွက် ယနေ့ အရေးပေါ်အစည်းအဝေးကိုခေါ်ယူရခြင်း ဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ အပိုင်း(၂) ပိုင်းရှိပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအရ အမျိုးသားအဆင့် တုံ့ပြန် ဆောင်ရွက်ခြင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် တုံ့ပြန်ဆောင်ရွက်ခြင်းဟူ၍ ဖြစ်ပါကြောင်း၊ အမျိုးသားအဆင့် တုံ့ပြန်ဆောင်ရွက်ခြင်းတွင် စီမံချက်များ၊ ညွှန်ကြားချက်များ ရှိပြီးဖြစ်ပါကြောင်း၊ ယင်းတို့ကို ယခုမှစတင်၍ ပြင်ဆင်သင့်သည့်အချက်များကို ပြင်ဆင်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် မုန်တိုင်းနှင့်ပတ်သက်၍ အတွေ့အကြုံများ ရှိပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် မုန်တိုင်းများအနက် ၂၀၀၈ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သည့် နာဂစ်မုန်တိုင်းသည် ထိခိုက်ဆုံးရှုံးမှုများပြားသည့် မုန်တိုင်းကြီးဖြစ်ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်ရန်လိုအပ်

ထို့ကြောင့် အရေးပေါ်စီမံခန့်ခွဲမှုနှင့် ပတ်သက်သည့် အချက်အလက်များကို ပြုစုထားပြီးလည်းဖြစ်ပါကြောင်း၊ အရေးပေါ်အခြေအနေတွင် ဆောင်ရွက်ရသည့် ပစ္စည်းကိရိယာများကိုလည်း ပြည့်ပြည့်စုံစုံဖြစ်စေရန် ကြိုတင်စုံစမ်းဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်သည့်အခါတွင် အမျိုးသားအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသာမက သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်တွင်ရှိသည့် *စာမျက်နှာ ၄ သို့*

- ❑ **မြန်မာ့ကမ်းရိုးတန်းဒေသသို့ မုန်တိုင်းဝင်ရောက်မည့်လမ်းကြောင်းအား ဖြစ်နိုင်ခြေအရ လမ်းကြောင်း (၂) ကြောင်း ခန့်မှန်းထားပါကြောင်း၊ ပထမလမ်းကြောင်းအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့အကြားမှ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်မည့်ခန့်မှန်းလမ်းကြောင်းနှင့် ဒုတိယလမ်းကြောင်း အနေဖြင့် ရခိုင်ကမ်းရိုးတန်းသို့ ဖြတ်သန်း၍ စစ်တွေမြို့နှင့် ကျောက်ဖြူမြို့ကြားမှ ကုန်းတွင်းမုန်တိုင်းအဖြစ် ဝင်ရောက်မည်ဆိုသည့် လမ်းကြောင်းကိုလည်း ခန့်မှန်းထား**
- ❑ **ကမ်းရိုးတန်းတစ်လျှောက်တွင် နေထိုင်ကြသည့် ပြည်သူများအတွက်လည်း မြို့နယ်၊ ကျေးရွာများအလိုက် ယခုကတည်းကပင် ပြင်ဆင်ဆောင်ရွက်ရန်လိုအပ်**

*စာမျက်နှာ ၃ မှ*

သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှု အဖွဲ့များကလည်း ပူးပေါင်း ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ထို့ပြင် စေတနာ့ဝန်ထမ်းများ၊ တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများ ပေါင်းစပ်ညှိနှိုင်း၍ ပြင်ဆင်သင့်သည့် လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အလားတူ ကမ်းရိုးတန်းတစ်လျှောက်တွင် နေထိုင်ကြသည့် ပြည်သူများအတွက်လည်း မြို့နယ်၊ ကျေးရွာများ အလိုက် ယခုကတည်းကပင် ပြင်ဆင်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

အဆိုပါ ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု တည်မြဲအမိန့် (၂၀၂၂ ခုနှစ်) ပါအတိုင်း အမျိုးသားအဆင့် အရေးပေါ် စီမံခန့်ခွဲမှု၊ တုံ့ပြန်မှုအတွက် အခန်း(၄) ခန်းပါ လုပ်ငန်းကော်မတီ(၁၂)ရပ်မှ ပြင်ဆင်ခြင်း၊ အရေးပေါ်တုံ့ပြန်ခြင်း၊ ပြန်လည်ထူထောင်ခြင်း စသည့်လုပ်ငန်းတာဝန်များအရ ဆောင်ရွက်ကြရမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် အရေးပေါ်စီမံခန့်ခွဲမှု၊ တုံ့ပြန်မှုအတွက် အခန်း(၅)ပါ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖွဲ့စည်းထားသည့်လုပ်ငန်းကော်မတီများက ပြင်ဆင်ခြင်း၊ အရေးပေါ်တုံ့ပြန်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်း တာဝန်များကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အလားတူ အခန်း(၆) ပါ တပ်မတော်ပိုင်းဆိုင်ရာ ပြင်ဆင်ခြင်း၊ အရေးပေါ်တုံ့ပြန်ခြင်း၊ ပြန်လည်ထူထောင်ခြင်း လုပ်ငန်းများကိုလည်း (ကြည်း၊ ရေ၊ လေ) တပ်မတော်သားများက လုပ်ငန်းတာဝန် အသေးစိတ်အလိုက် လုပ်ဆောင်ကြရန်လိုအပ်ကြောင်း။

**တာဝန်များခွဲဝေ၍**
**စီမံဆောင်ရွက်ရန် လိုအပ်**

မုန်တိုင်းမဝင်ရောက်မီ ပြင်ဆင်သည့်လုပ်ငန်းများ၊ ရွှေ့ပြောင်းသည့်လုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးတွင် အသုံးပြုမည့်ပစ္စည်းများ၊ ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများ၊ အစားအသောက်များ၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ စသည်တို့ကို ယခုကတည်းကပင် တည်မြဲအမိန့်ပါအတိုင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရှိသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အဖွဲ့များပေါင်းစပ်ကာ တာဝန်များခွဲဝေ၍ စီမံဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် တက်ရောက်လာကြသူများအနေဖြင့် မိမိတို့အတွေ့အကြုံအရ ဌာနအလိုက် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည့်ကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် ဒေါက်တာသက်သက်ခိုင်တို့က သဘာဝဘေးအန္တရာယ်အရေးပေါ် ကျရောက်လာပါက တုံ့ပြန်ရေး၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ကာကွယ်ရေးဦးစီးချုပ်(လေ) တို့က ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်လာနိုင်သော ဆိုင်ကလုန်းမုန်တိုင်းအပါအဝင်သဘာဝဘေးအန္တရာယ်များအား အရေးပေါ်တုံ့ပြန်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားမှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

> **❛ မုန်တိုင်းမဝင်ရောက်မီ ပြင်ဆင်သည့်လုပ်ငန်းများ၊ ရွှေ့ပြောင်းသည့်လုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးတွင် အသုံးပြုမည့်ပစ္စည်းများ၊ ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများ၊ အစားအသောက်များ၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ စသည်တို့ကို ယခုကတည်းကပင် တည်မြဲအမိန့်ပါအတိုင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ရှိသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များပေါင်းစပ်ကာ တာဝန်များခွဲဝေ၍ စီမံဆောင်ရွက်ရန် လိုအပ် ❜**

**ဆွေးနွေးတင်ပြ**

ထို့နောက် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နိုင်သည့် ဆိုင်ကလုန်းမုန်တိုင်း မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာနိုင်သည့်အခြေအနေများ၊ မုန်တိုင်းနှင့် ပတ်သက်သည့် သတိပေးချက်များအား နိုင်ငံပိုင်မီဒီယာများနှင့် ဆက်သွယ်ရေးအော်ပရေတာများမှ တစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ဆောင်ရွက်သွားမည့် အခြေအနေတို့ကို ဆွေးနွေးတင်ပြသည်။


ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက သဘာဝဘေးအန္တရာယ် အရေးပေါ်ကျရောက်ခဲ့ပါက အရေးပေါ် ရင်ဆိုင်တုံ့ပြန်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားမှု၊ ဘေးကင်းခိုလှုံရာ အဆောက်အဦများ တည်ဆောက်ထားမှု၊ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ နေရာဒေသမရွေးဆောင်ရွက်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသူများက သဘာဝဘေးအန္တရာယ် အရေးပေါ်ရင်ဆိုင်တုံ့ပြန်ရေးဆိုင်ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေး တင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးစိုးကြည်က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၊ အရေးပေါ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအား ရှင်းလင်းတင်ပြပြီး ကော်မတီ၏ အတည်ပြုချက်ရယူသည်။

ယနေ့ကျင်းပပြုလုပ်သည့် အမျိုးသားအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ (Disaster Management Committee) ကို မေ ၈ ရက်မှ စတင်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရုံးအမှတ် (၂၃) ၌ ဖွင့်လှစ်၍ ဖြစ်ပေါ်လာနိုင်သည့် ဆိုင်ကလုန်းမုန်တိုင်းနှင့် ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းနိုင်ရေး ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**



**တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြစဉ်။**

## ရှမ်းပြည်နယ်(တောင်ပိုင်း) သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၃) ကျင်းပ

**နေပြည်တော် မေ ၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၃)ကို ယနေ့နံနက်ပိုင်းက အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ နယ်မြေခံတပ်နယ် အသီးသီးမှ တာဝန်ရှိသူများ၊ ခရိုင်/ မြို့နယ် အသီးသီးမှ ခရိုင်မှူးများ၊ စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လင်းခေးခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့များ တက်ရောက်ကြသည်။

**ဆွေးနွေးတင်ပြ**

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်ကျရောက်ပါက ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ကူညီကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်ရန်အတွက် တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အလိုက် ပြင်ဆင်စုဖွဲ့ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၂၀၁၉) ခုနှစ်အတွက် အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုရ မြင့်မြတ်အား အကယ်ဒမီရွှေစင်ရုပ်တု ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၂၀၂၀) ပြည့်နှစ်အတွက် အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုရ စိုင်းစိုင်းခမ်းလှိုင်အား အကယ်ဒမီရွှေစင်ရုပ်တု ပေးအပ်ချီးမြှင့်စဉ်။

◆ *ရှေ့ဖုံးမှ*

ဂီတ အစည်းအရုံး ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု စိစစ်အကဲဖြတ် အဖွဲ့ဝင်များ၊ ရုပ်ရှင်၊ စာပေ၊ သဘင်၊ ဂီတ နယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် အနုပညာရှင်များ၊ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနား မစတင်မီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တီးဝိုင်းနှင့်အတူ တေးသံရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားမှူးက ရွှေကြိုမောင်မယ်များကို တစ်ဦးချင်း မိတ်ဆက်ပေးသည်။

**ကြိုဆိုနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် အခမ်းအနား ကျင်းပမည့် လဟာပြင်ကဇာတ်ရုံသို့ ရောက်ရှိကြရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ဖွင့်လှစ်ပေး**

ယင်းနောက် ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ အကယ်ဒမီများရှင် ဦးကြည်စိုးထွန်းတို့က အကယ်ဒမီရွှေစင်ရုပ်တုကို ဒစ်ဂျစ်တယ်စက်ခလုတ် ခုံပေါ်တွင် စိုက်ထူ၍ ဖွင့်လှစ်ပေးကြပြီး Digital Mapping စနစ်ဖြင့် ပုံဖော်ပြသသည်။

ဆက်လက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က ဂုဏ်ပြုစီစဉ်တင်ဆက်သည့် **"ရာပြည့်မှသည် ရှေ့သို့ချီ"** မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယခုလို မင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်စုံသည့် အချိန်အခါသမယတွင် ကိုဗစ်- ၁၉ ရောဂါကြောင့် မကျင်းပနိုင်ခဲ့သည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကြီးကို နေပြည်တော်တွင် ယခုလိုခမ်းခမ်းနားနား ကျင်းပပြုလုပ်ပြီး ထူးချွန်အနုပညာရှင်ကြီးများကို တွေ့ဆုံဂုဏ်ပြုခွင့်ရသည့်အတွက် မိမိအနေဖြင့် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကာလကတည်းက စတင်ပေါ်ပေါက်လာခဲ့သည့် မြန်မာ့ရုပ်ရှင်သမိုင်းသည် ၂၀၂၀ ပြည့်နှစ်တွင် နှစ်ပေါင်းတစ်ရာပြည့်ခဲ့ပြီး ယခုဆိုလျှင် (၁၀၃)နှစ် တိုင်ခဲ့ပြီဖြစ်ပါကြောင်း။

ရုပ်ရှင်ဆိုသည်မှာ ခံစားမှုနှင့် နည်းပညာပေါင်းစပ်ထားသော ဆန်းကြယ်သည့် ဖန်တီးမှု အနုပညာရပ်အဖြစ် အားလုံးက နားလည်လက်ခံထားကြပါကြောင်း၊ တစ်နည်းအားဖြင့် ရုပ်ရှင်အတတ်ပညာသည် လူမှုဘဝကို အသိပေးနှိုးဆော်နိုင်သည့် အတတ်ပညာ၊ လူများ၏ စိတ်နှလုံးကို ညွှန်ပျောင်းနှိုးဆွပြီး အသိပညာနှင့် ရသခံစားမှုကိုပေးနိုင်သည့် အတတ်ပညာဟု တင်စားပြောဆိုခဲ့ကြပါကြောင်း။

**ဂုဏ်ပြုမှတ်တမ်းတင်**

ထို့ပြင် ရုပ်ရှင်အနုပညာသည် စာပေ၊ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ဓာတ်ပုံနှင့် ရုပ်ရှင်ဆိုသည့် သုခုမပညာ(၇)ရပ်ကို စုပေါင်းထားသော အနုပညာရပ်ဖြစ်သည်ကို အားလုံးသိရှိကြပါကြောင်း၊ မိမိတို့၏ မြန်မာ့ရုပ်ရှင်သည် နှစ်(၁၀၀)ကျော် နိုင်ငံ့အကျိုးပြု သမိုင်းမှတ်တမ်းများဖြင့် လှုပ်ရှားသက်ဝင် မော်ကွန်းတင်နိုင်ခဲ့ပြီဖြစ်သည့်အတွက် မိမိတို့အားလုံးက အလေးအနက် ဂုဏ်ပြုမှတ်တမ်းတင်ကြရမည်ဖြစ်ကြောင်း။

မြန်မာ့ရုပ်ရှင်သည် ကိုလိုနီခေတ်ကစပြီး ငွေရတု၊ ရွှေရတု၊ စိန်ရတုနှင့် ရာပြည့်ခေတ်ထိတိုင်အောင် ခေတ်စနစ်အမျိုးမျိုးကြားတွင် ပျော်ရွှင်လွမ်းမောဖွယ်ရာ လူမှုဘဝများကိုသာမက နိုင်ငံတော်၏အရေးပါသည့် အခန်းကဏ္ဍများ၊ နိုင်ငံ၏ပကတိအခြေအနေများကို အနုပညာဖြင့် ထင်ဟပ်ဖော်ပြ တင်ဆက်နိုင်ခဲ့သည့်အတွက် နိုင်ငံနှင့်ပြည်သူအပေါ် တာဝန်ကျေခဲ့ကြသည်ဟုလည်း ပြောကြားရမည်ဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေမည့် အကြောင်းတရားများထဲတွင် ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်လက္ခဏာများကို ထိန်းသိမ်းနိုင်မှုရှိခြင်းသည်လည်း အပါအဝင် ဖြစ်ပါကြောင်း၊ ယဉ်ကျေးမှုဟုဆိုလိုက်သည့်အခါ လူသားများကိုယ်တိုင်ဖန်တီးရယူထားသည့် အနုပညာအစိတ်အပိုင်းတစ်ခုဖြစ်သည့် ရုပ်ရှင်အနုပညာရပ်လည်း ပါဝင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံအတွက် ရုပ်ရှင်အနုပညာဖွံ့ဖြိုး

*စာမျက်နှာ ၆ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ အခမ်းအနား တက်ရောက်သူများ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် ဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၅ မှ*

တိုးတက်မှုသည် အင်အားတစ်ရပ်ဟုဆိုပါက ရုပ်ရှင်ကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေကြသည့် ရုပ်ရှင်ထုတ်လုပ်သူများ၊ အတတ်ပညာရှင်များ၊ သရုပ်ဆောင်များ အားလုံး၏ အခန်းကဏ္ဍသည် မည်မျှ အရေးကြီးသည်ကို တွေးဆဆင်ခြင်နိုင်ကြမည်ဖြစ်ပါကြောင်း။

ထို့ကြောင့်လည်း မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် နိုင်ငံတော်အစိုးရ၏ လူမှုရေး ဦးတည်ချက်(၄)ရပ်ထဲတွင် **“တိုင်းရင်းသား လူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး”** ဆိုသည့်အချက်ကို ထည့်သွင်းဆောင်ရွက်ထားခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၏ ယဉ်ကျေးမှုများ၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် မည်မျှ အလေးအနက်ထားဆောင်ရွက်နေသည်ကို အားလုံးတွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ အဆိုပါ ဦးတည်ချက်အောင်မြင်ရန်အတွက် ရုပ်ရှင်အနုပညာသမားများ၏ ပူးပေါင်းပါဝင်မှုသည် အလွန်အရေးပါသည်ဟု ပြောကြားလိုပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ အကယ်ဒမီများရှင် ဦးကြည်စိုးထွန်းတို့ အကယ်ဒမီရွှေစင်ရုပ်တုကို ဒစ်ဂျစ်တယ်စက်ခလုတ်ခုံပေါ်တွင် စိုက်ထူဖွင့်လှစ်ပေးစဉ်။

အနုပညာတစ်ရပ်က ပေးလိုက်သည့် အကြောင်းတရားများသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုတန်ဖိုးကို ပြသရာရောက်သည့်အတွက် ရုပ်ရှင်အနုပညာက ပေးစွမ်းနိုင်မှုများသည် အင်မတန်အရေးပါအရာရောက်သည်ဟု မိမိအနေဖြင့် တွေးမြင်ခံစားမိပါကြောင်း၊ တစ်နည်းအားဖြင့် ရုပ်ရှင်အနုပညာသည် နိုင်ငံငြိမ်းချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဩဇာသက်ရောက်မှုရှိသည့် Soft Power တစ်ခုဖြစ်သောကြောင့် အနုပညာရှင်များအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်များ၊ ရှင်သန်ကိန်းအောင်းစေရေးအတွက် ကျရာကဏ္ဍမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရသည် **“တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာ ဖူလုံရေး”** ဆိုသည့် အမျိုးသားရေးရည်မှန်းချက် (၂)ရပ်ကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ချမှတ်အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ အဆိုပါ ရည်မှန်းချက်များသည် ယနေ့နိုင်ငံတော်နှင့် ပြည်သူများ၏ ပကတိအခြေအနေအရ အလိုအပ်ဆုံးနှင့်အဖြစ်သင့်၊ အဖြစ်ထိုက်ဆုံး ရည်မှန်းချက်များပင် ဖြစ်ပါကြောင်း။

**ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်**

နိုင်ငံတော်အစိုးရက ရည်မှန်းအကောင်အထည်ဖော်နေသည့် အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်နှင့် နိုင်ငံရေးရည်မှန်းချက် (၂) ရပ်သည် ပြည်သူများ၏ နေ့စဉ်လူနေမှုဘဝများအတွက် အလိုအပ်ဆုံး၊ လက်တွေ့အကျဆုံးသော အရာများဖြစ်ပါကြောင်း၊ ပြည်သူထဲက ပြည်သူများဖြစ်ကြသည့် မြန်မာ့ရုပ်ရှင်အနုပညာရှင်များအနေဖြင့် မိမိတို့၏ နေ့စဉ်လူမှုစီးပွားဘဝများ အနုပညာလုပ်ငန်းများကို ရှန်းကန်လျှောက်လှမ်း ချီတက်နေကြသူများပီပီ အနာဂတ်နိုင်ငံတော်နှင့် ပြည်သူအများစု၏ အကျိုးကိုရှေးရှုပြီး အတွေးအခေါ်မှန်မှန်၊ အသိအမြင်မှန်မှန်၊ စိတ်ကောင်းစေတနာများဖြင့် အမျိုးသားရေးရည်မှန်းချက် (၂) ရပ်နှင့် နိုင်ငံရေးရည်မှန်းချက် (၂) ရပ် အောင်မြင်စေရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

အနုပညာဆိုသည်မှာ ထာဝရနုပျိုလျက်ရှိပါကြောင်း၊ အထူးသဖြင့် ရုပ်ရှင်အနုပညာဆိုသည်မှာ စုပေါင်းညီညွတ်မှုအားဖြင့် ဖန်တီးမှသာ ရသပေါင်းစုံပေါ်ထွက်လာသည့် ပညာရပ်လည်းဖြစ်ပါကြောင်း၊ စာပေ၊ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ဓာတ်ပုံ စသည့်အနုပညာများထက် ရုပ်ရှင်အနုပညာသည် ထုတ်လုပ်သူ၊ ဝတ္ထု၊ ဇာတ်ညွှန်း၊ ဒါရိုက်တာ၊ သရုပ်ဆောင်၊ ဇာတ်ပို့၊ ဇာတ်ရန်၊ ဓာတ်ပုံ၊ အသံ ၊ ဂီတ၊ တည်းဖြတ်အပါအဝင် ကင်မရာသမား၊ မီးထိုးသမား၊ ရှုတင်မန်နေဂျာနှင့် သယ်ယူပို့ဆောင်ရေးအဆုံး စုပေါင်းညီညွတ်စွာ ရုပ်ရှင်အနုပညာကို ဖန်တီးမှသာ ရလဒ်အနေဖြင့် တဒင်္ဂကြည့်ရှုကြရသည့် ရုပ်ရှင်ချစ်ပရိသတ်များ၏ ရင်ထဲသို့ ပျော်ရွှင်မှု၊ ဝမ်းသာမှု၊ ဝမ်းနည်းမှု၊ ကြောက်ရွံ့ထိတ်လန့်မှု၊ ဒေါသ၊ လောဘ၊ မောဟ၊ စိုးရိမ်ပူပန်မှုစသည့် ရသစုံပေးစွမ်းခံစားစေနိုင်ခြင်း ဖြစ်ပါကြောင်း။

ထိုသို့ ဖန်တီးပေးနိုင်စွမ်းရှိရန်အတွက်လည်း ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များက ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် အနုပညာရပ်ဆိုင်ရာ

*စာမျက်နှာ ၇ သို့*



အကယ်ဒမီ ဝါဝါဝင်းရွှေ (၂၀၁၉) ခုနှစ်အတွက် အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုရ အိန္ဒြာကျော်ဇင် အား ဆုချီးမြှင့်စဉ်။



အကယ်ဒမီ ဝါဝါဝင်းရွှေ (၂၀၂၀) ပြည့်နှစ်အတွက် အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုရ စိုးပြည့်သဇင် အား ဆုချီးမြှင့်စဉ်။



အကယ်ဒမီ ဝါဝါဝင်းရွှေ (၂၀၂၂) ခုနှစ်အတွက် အကောင်းဆုံး အမျိုးသမီး ဇာတ်ဆောင်ဆုရ ရွှေမှုံ့ရတီ အား ဆုချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၂၀၁၉) ခုနှစ်အတွက် အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုရ ရွှေထူးအား ဆုချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၂၀၂၀) ပြည့်နှစ်အတွက် အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုရ အုန်းသီးအား ဆုချီးမြှင့်စဉ်။



အကယ်ဒမီ ခင်သန်းနု (၂၀၁၉) ခုနှစ်အတွက် အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုရ ခင်ဝင့်ဝါအား ဆုချီးမြှင့်စဉ်။

*စာမျက်နှာ ၆ မှ*

လုပ်ငန်းများကို စဉ်ဆက်မပြတ်လေ့လာပြီး အနာဂတ်တွင် နိုင်ငံတကာအဆင့်မီ ရုပ်ရှင်အနုပညာရပ်များကို ဖန်တီးနိုင်ကြရန်လည်း တိုက်တွန်းလိုပါကြောင်း၊ ထိုသို့ ဖန်တီးရင်း တစ်ဖက်ကလည်း မိမိတို့၏ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကိုလည်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရမည် ဖြစ်ပါကြောင်း၊ ထိုသို့ ဖန်တီးရင်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရင်း ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ ဘဝနှင့် နေ့စဉ်လူမှုစီးပွားဘဝ ရုန်းကန်ရာတွင်လည်း မိမိတို့ကို ချစ်ခင်လေးစား တန်ဖိုးထားကြသည့် ရုပ်ရှင်ချစ် ပရိသတ်အများစုတို့အပေါ် တုံ့ပြန်တန်ဖိုးထားလေးစားလျက် ရုပ်ရှင်အနုပညာရပ်တစ်ခုတည်းအပေါ်တွင်သာ အာရုံစူးစိုက်ပြီး ဘဝနှင့် ရင်း၍ မြှုပ်နှံဆောင်ရွက်ခဲ့ရသည့် မိမိချစ်ခင်နှစ်သက် မြတ်နိုးတန်းဖိုးထားသည့် ရုပ်ရှင်အနုပညာလုပ်ငန်းများကို အနှောင်အဖွဲ့ကင်းကင်းဖြင့် ထာဝရရှင်သန်ဆောင်ရွက်နိုင်ကြပါစေဟုလည်း ဆန္ဒပြုအပ်ပါကြောင်း။

၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆုများကို မကြာခင် ချီးမြှင့်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ရုံတင်ပြသခဲ့သည့် ဇာတ်ကား ၉၇ ကား၊ ၂၀၂၀ ပြည့်နှစ်တွင် ရုံတင်ပြသခဲ့သည့် ဇာတ်ကား ၂၁ ကားနှင့် ၂၀၂၂ ခုနှစ်တွင် ရုံတင်ပြသခဲ့သည့် ဇာတ်ကား (၂၀) ထဲက ချီးမြှင့်သင့် ချီးမြှင့်ထိုက်သည့် ထူးချွန်ဆုများကို ချီးမြှင့်ပေးမည်ဖြစ်ပါကြောင်း။

## ပြန်လည်ရောက်ရှိလာ

ယခုလို မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကြီး အောင်မြင်စွာကျင်းပနိုင်ခြင်းသည် မြန်မာ့ရုပ်ရှင်လောကသားများ၏ စုစည်းမှုနှင့် စည်းလုံးညီညွတ်မှုစွမ်းအားကို ပြသနိုင်ခြင်းဖြစ်သကဲ့သို့ ကိုဗစ်ကပ်ရောဂါကြောင့် ရပ်ဆိုင်းခဲ့ရသည့် မြန်မာ့ရုပ်ရှင်လောကစင်မြင့်ကြီးပေါ် ပြန်လည်ရောက်ရှိလာပြီဟု ဆိုရမည်ပင်ဖြစ်ပါကြောင်း။

တစ်နည်းပြောရပါက ရုပ်ရှင်လောကကြီး ပြန်လည်သက်ဝင်လှုပ်ရှားရန် အချိန်အခါကျရောက်လာပြီဟုလည်း ဆိုရမည်ဖြစ်ပါကြောင်း၊ ယခုကျင်းပသည့် ထူးချွန်ဆုပေးပွဲသည် ရုပ်ရှင်လောကတစ်ခုတည်းအတွက်သာမက ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် အနုပညာလောကသားများ အားလုံးအတွက်ပါ ပြန်လည်သက်ဝင်လှုပ်ရှားလာသည့်ပွဲလည်း ဖြစ်ပါကြောင်း၊ အနုပညာရှင် လောကသားများအားလုံးနှင့် ဆက်နွယ်နေသည့် ပွဲဟုဆိုလျှင်လည်း မမှားပါကြောင်း၊ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာပေအဖွဲ့အစည်းအားလုံးသည် ယခုပွဲကြီးပြီးသွားပါက အနုပညာနယ်ပယ်အသီးသီးတွင် ယခင်ကလို အရှိန်အဟုန်ဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပျော်ပျော်ရွှင်ရွှင် ဆက်လက်လှုပ်ရှားဆောင်ရွက် သွားနိုင်ကြမည်ဟုလည်း ယုံကြည်ခံစားမိပါကြောင်း။

မြန်မာ့ရုပ်ရှင်သည် ရုပ်ရှင်ခေတ်ဦးမှ ၂၀၂၂ ခုနှစ်အထိ ရုပ်ရှင်ဇာတ်ကားပေါင်း (၄၀၀၀)ကျော် ထုတ်လုပ်နိုင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ၁၉၅၂ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို စုစုပေါင်း (၆၃)ကြိမ်ကျင်းပချီးမြှင့်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယနေ့ကျင်းပသည့်ပွဲသည် (၆၄) ကြိမ်မြောက်ဖြစ်ပြီး ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်တို့အတွက် (၃)နှစ်စာ တစ်ပေါင်းတည်းကျင်းပသည့်ပွဲလည်း ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်ကကျင်းပခဲ့သော (၆၃) ကြိမ်အထိ ရုပ်ရှင်အနုပညာ၊ အတတ်ပညာပိုင်းဆိုင်ရာ ထူးချွန်ဆုပေါင်း (၄၂၃)ဆုကို ချီးမြှင့်နိုင်ခဲ့ပြီးဖြစ်သကဲ့သို့ ၂၀၂၂ ခုနှစ်တွင်လည်း ရုပ်ရှင်လောကနှင့် ပတ်သက်၍ တစ်သက်တာလုံးမြှုပ်နှံပြီး နှစ်ပေါင်းများစွာ အနုပညာဖြင့် ပြည်သူကို အလုပ်အကျွေးပြုခဲ့သူများကို ရုပ်ရှင်တစ်သက်တာ ထူးချွန်ဆုအဖြစ်သရုပ်ဆောင် အနုပညာရှင်ကြီး(၂)ဦးကို ချီးမြှင့်နိုင်ခဲ့သည့်အတွက် ယနေ့အထိ ရုပ်ရှင်တစ်သက်တာ ထူးချွန်ဆု ငါးဦးအပါအဝင် ထူးချွန်ဆုပေါင်း ၄၂၅ ဆုကို ချီးမြှင့်ခဲ့ပြီး ဖြစ်ပါကြောင်း။

မိမိတို့၏ မြန်မာ့ရုပ်ရှင်ဖြတ်သန်းခဲ့သည့် ခေတ်ကာလ သမိုင်းပုံရိပ်များကို ကြည့်မည်ဆိုပါက (၁၉၂၀-၁၉၄၅)ငွေရတုကာလ၊ (၁၉၄၆-၁၉၇၀) ရွှေရတုကာလ၊ (၁၉၇၁-၁၉၉၅) စိန်ရတုကာလ၊ မြန်မာ့ရုပ်ရှင်ရာပြည့်ကာလနှင့် ယနေ့ရာပြည့်အလွန် ကာလများကို တွေ့ကြရမည်ဖြစ်ပါကြောင်း၊ မြန်မာ့ရုပ်ရှင်၏ ငွေရတုကာလ (၁၉၂၀-၁၉၄၅) သည် မြန်မာ့ရုပ်ရှင်သမိုင်း၏ ခေတ်ဦးကာလဖြစ်သကဲ့သို့ တိုင်းတစ်ပါး လက်အောက်ခံ ကိုလိုနီနိုင်ငံဘဝတွင်သာ ရှိခဲ့သည့်အတွက် မြန်မာတစ်မျိုးသားလုံးက အမျိုးသားရေးစိတ်၊ သူ့ကျွန်မခံလိုသည့်စိတ်၊ ဖိနှိပ်ချုပ်ချယ်မှုကို အန်တုလိုသည့်မာန်၊ တုံ့ပြန်တွန်းလှန်လိုသည့်သတ္တိ စသည်တို့ကို မိမိတို့လက်ဝယ်တွင်ရှိသော စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင် စသည့် အနုပညာစွမ်းပကားများနှင့် အဘက်ဘက်က စည်းရုံးလှုံ့ဆော်တိုက်ပွဲဝင်နေသည့် အချိန်ကာလပင်ဖြစ်ပါကြောင်း။

## မှတ်တမ်းတင်နိုင်

ထိုသို့ နယ်ချဲ့တော်လှန်ရေး၊ လွတ်လပ်ပြီး အချုပ်အခြာအာဏာကို ပိုင်စိုးသည့် နိုင်ငံဘဝကို ပြန်လည်ရရှိရေး၊ တစ်မျိုးသားလုံး လွတ်မြောက်ရေးအတွက်နှင့် တက်ကြွရဲဝံ့စွာ စွန့်လွှတ်စွန့်စားလိုသည့် ပြည်သူများ၏စွမ်းပကားကို တွန်းအားပေးခဲ့သည့် မြန်မာ့ရုပ်ရှင်ငွေရတုကာလသည် မြန်မာ့ရုပ်ရှင်သမိုင်းတစ်လျှောက်တွင် ထူးချွန်ပြောင်မြောက်သည့် အချိန်များပင်ဖြစ်ကြောင်း မြန်မာ့ရုပ်ရှင် သမိုင်းတွင် မှတ်တမ်းတင်နိုင်ခဲ့ပါကြောင်း။

## တစ်တပ်တစ်အားပါဝင်

အလားတူပင် မြန်မာ့ရုပ်ရှင် ရွှေရတုကာလ၊ စိန်ရတုကာလနှင့် ရာပြည့်နှစ်ကာလများထိတိုင် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များနှင့် ရုပ်ရှင်လောကသားများသည် မိမိတို့၏ အနုပညာစွမ်းပကားဖြင့် နိုင်ငံနှင့် ပြည်သူ့အကျိုးပြုခဲ့ကြသကဲ့သို့ အနုပညာရသအစုံဖြင့် ပြည်သူများ၏ စိတ်နှလုံးကို ရွှင်ပြုံးအပန်းပြေစေခဲ့ပါကြောင်း၊ ပြည်သူများကို ဖျော်ဖြေရေးသာမက နိုင်ငံ၏ယဉ်ကျေးမှု၊ ချစ်စဖွယ်မြန်မာ့ဓလေ့နှင့် မြန်မာ့အလှသဘာဝများကို ရိုက်ကူးတင်ပြပေးခဲ့ကြသကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုပြီး ပြည်သူလူထုကို စည်းရုံးခြင်းနှင့် အသိပညာပေးခြင်း လုပ်ငန်းများတွင်လည်း ခေတ်အဆက်ဆက်ကနေ ယနေ့ထိတိုင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့ကြပါကြောင်း။

ထိုသို့ ရုပ်ရှင်အနုပညာရှင်များသည် အမျိုးသားရေးနှင့်ယှဉ်ပြီး တိုင်းချစ်ပြည်ချစ်စိတ် ထွန်းကားရေး၊ ပြည်သူများ၏ အသိအမြင်ပညာတိုးတက်ရေးနှင့် မြန်မာ့ယဉ်ကျေးမှု ရိုးရာဓလေ့အစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်ရေးတို့အတွက် ဦးတည်ရိုက်ကူးခဲ့ကြသကဲ့သို့ ခေတ်ကာလအလိုက် နိုင်ငံတော်၏ ဦးတည်ချက်များကို ပေါ်လွင်ပြောင်မြောက်အောင် ရှုထောင့်အမျိုးမျိုးက ကြည့်မြင်ပြီး ပြည်သူကို အများဆုံးအကျိုးပြုနိုင်မည့် အသိပညာပေးနိုင်သည့် ဇာတ်လမ်း၊ ဇာတ်ကွက်၊ အမူအရာ ဖန်တီးချက်များဖြင့် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့ကြသူများလည်း ဖြစ်ပါကြောင်း။

၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ဝန်းဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ရောဂါကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရုပ်ရှင်ရုံများ ပြသမှု ရပ်ဆိုင်းထားခဲ့ရပါကြောင်း၊ ယနေ့အချိန်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် ရုပ်ရှင်ထုတ်လုပ်သူများက ကြိုးပမ်းဆောင်ရွက်မှုဖြင့် ၂၀၂၂ ခုနှစ် ဧပြီ ၁၇ ရက် မြန်မာနှစ်ဆန်း တစ်ရက်နေ့ကစပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေး စည်းကမ်းချက်များနှင့်အညီ ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်ပြသခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ယခင်ကလို ပုံမှန်အခြေအနေကို မရောက်သေးသော်လည်း ပြသမှု၊ ပရိသတ်ကြည့်ရှုမှုများသည် တိုးတက်နေသည်ကို သိရ၍ ဝမ်းသာမိပါကြောင်း။



အကယ်ဒမီ ခင်သန်းနု (၂၀၂၀) ပြည့်နှစ်အတွက် အကောင်းဆုံး အမျိုးသမီး ဇာတ်ပို့ဆုရ မေသဉ္ဇာဦးအား ဆုချီးမြှင့်စဉ်။

## ခံစားမှုရသများကို ဝေမျှပေးနိုင်

ယနေ့ကျင်းပသည့် ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်၊ ၂၀၂၂ ခုနှစ်တို့အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် ရုပ်ရှင်အနုပညာလောကကို ဦးဆောင်နေကြသည့် အနုပညာရှင်ကြီးများနှင့်အတူ အနုပညာမောင်နှမများနှင့် ရုပ်ရှင်ချစ်ပရိသတ်များအားလုံး ပျော်ပျော်ရွှင်ရွှင်ဖြင့် မြင်တွေ့ကြရသည့်အတွက် နိုင်ငံတော်၊ ပြည်သူနှင့်အနုပညာရှင်တို့၏ စုစည်းအားနှင့် အေးချမ်းပျော်ရွှင်သည့် ခံစားမှုရသများကို ဝေမျှပေးနိုင်သည့်ပွဲဟု ခံစားမိပါကြောင်း။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်နိုင်ရေးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အကဲဖြတ် စံချိန်စံညွှန်းများနှင့်အညီ စိစစ်ရွေးချယ်ပြီး ယနေ့ညတွင် ဆုချီးမြှင့်ပေးသွားမည်ဖြစ်သည့်အတွက် ဇာတ်ကားအသီးသီးတွင်၊ ကျရာအနုပညာကဏ္ဍ အသီးသီးတွင် ပါဝင်စွမ်းဆောင်ထားကြသည့် အနုပညာရှင်၊ အတတ်ပညာရှင်များနှင့် ရုပ်ရှင်ချစ်သူပရိသတ်များအားလုံး ရင်ခုန်နေကြမည်ဟု ထင်မိပါကြောင်း။

ယခုနှစ်ကျင်းပသည့် အခမ်းအနားတွင် ထူးခြားမှုတစ်ခုအနေဖြင့် ရုပ်ရှင်ထူးချွန်ဆုများသာမက နိုင်ငံတကာ ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားများတွင် ချီးမြှင့်လေ့ရှိသည့် အကောင်းဆုံး ဝတ်စားဆင်ယင်မှုဆုကိုလည်း ချီးမြှင့်ပေးသွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ချီးမြှင့်ရခြင်းသည် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနားကို တက်ရောက်လာသည့် အနုပညာရှင်များကို ဂုဏ်ပြုချီးမြှင့်သည့် အနေဖြင့် ထည့်သွင်းစီစဉ်ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ထိုသို့သော တစ်မူထူးခြားမှုများဖြင့် တင်ဆက်သွားမည်ဖြစ်သည့်အတွက် အနုပညာရှင်များနှင့်ရုပ်ရှင်ကို ချစ်မြတ်နိုးကြသည့် ရုပ်ရှင်ချစ် ပရိသတ်များ၏ ဆန္ဒနှင့်ထပ်တူညီလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း။

ယခုနှစ်တွင် ထူးချွန်ဆုရရှိသည့် အနုပညာရှင်များအနေဖြင့် အနုပညာလုပ်ငန်းများ ဆက်လက်အောင်မြင်တိုးတက်စေရန်အတွက် အားအင်များ ပိုမိုရရှိပြီး မိမိအနုပညာအလုပ်များကို ပိုမိုအားထုတ် ကြိုးပမ်းသွားကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ တစ်ဖက်တွင်လည်း နိုင်ငံနှင့်လူမျိုးကိုချစ်သည့်စိတ်၊ တရားဥပဒေကို လေးစားလိုက်နာသည့် နိုင်ငံသားကောင်းစိတ်၊ နိုင်ငံတော်ကြီး ဖွံ့ဖြိုးသာယာတိုးတက်စေလိုသည့်စိတ်ကောင်းစေတနာများဖြင့် **“ရုပ်ရှင်သည် ပြည်သူ့အတွက်”**ဆိုသည့် ရည်ရွယ်ချက်နှင့်အညီ နိုင်ငံနှင့် ပြည်သူ့အကျိုးကို ဆက်လက်ဖော်ဆောင်ပေးကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

အလားတူ ထူးချွန်ဆုမရရှိသေးသည့် အနုပညာရှင်များအနေဖြင့်လည်း လာမည့်နှစ်ကာလများတွင် မိမိတို့၏ အနုပညာစွမ်းပကားကို ဆက်လက်မြှင့်တင် ကြိုးပမ်းရင်း ထူးချွန်ဆုများ ဆွတ်ခူးနိုင်ကြပါစေဟု အားပေးတိုက်တွန်းပြောကြားလိုပါကြောင်း။

*စာမျက်နှာ ၈ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၇ မှ*

နိဂုံးချုပ်အားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရုပ်ရှင်အနုပညာအပါအဝင်၊ စာပေ၊ သဘင်၊ ဂီတ၊ ပန်းချီ၊ ပန်းပု စသည့်မီဒီယာကဏ္ဍကို လေးစားတန်ဖိုးထားပါကြောင်း၊ အနာဂတ် မိမိတို့၏ သုခုမအနုပညာများနှင့် နိုင်ငံနှင့် လူမျိုးအကျိုးကို သယ်ပိုးရွက်ဆောင်ပေးနိုင်သည့် အင်အားစုကြီးတစ်ခုဖြစ်လာလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူစဉ်ကာလအတွင်းတွင် အနုပညာသမားများ၊ မီဒီယာသမားများ၏ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းကူညီဆောင်ရွက်ပေးခဲ့သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ဆက်လက်ပြီးလည်း ပံ့ပိုးအားပေးသွားမည်ဖြစ်ပါကြောင်း၊ ရုပ်ရှင်အနုပညာရှင်များအပါအဝင် မီဒီယာဆိုသည့် စတုတ္ထမဏ္ဍိုင်သည် ဖြတ်သန်းခဲ့သည့် သမိုင်းအစဉ်အလာကောင်းများအတိုင်း နိုင်ငံနှင့်လူမျိုး၊ ပြည်သူလူထုကို အကျိုးပြုပေးနိုင်ကြရန်လည်း တိုက်တွန်းမှာကြားလိုပါကြောင်း၊ ယခုလို နိုင်ငံတော် အစိုးရအနေဖြင့် ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကြီးကို ခမ်းခမ်းနားနား ကျင်းပဂုဏ်ပြုနိုင်ရန် ဆောင်ရွက်ခဲ့ရာတွင် အခမ်းအနားကြီး အောင်မြင်စေရန် နိုင်ငံတော်အစိုးရနှင့်အတူ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် သက်ဆိုင်ရာ ပုဂ္ဂိုလ်များအားလုံးကို ဂုဏ်ပြုပါကြောင်းနှင့် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ အကယ်ဒမီများရှင် ဦးကြည်စိုးထွန်းက ဝမ်းမြောက်စကားပြောကြားသည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့ ပူးပေါင်းစီစဉ်တင်ဆက်သည့် အကယ်ဒမီပဏာမ တီးလုံးပြကွက်ဖြင့် ဖျော်ဖြေကြသည်။

ယင်းနောက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုရရှိသူများကို အနုပညာရှင်ကြီးများက တစ်ဦးချင်းဖွင့်ဖောက်ကြေညာပြီး ဆုများပေးအပ်ချီးမြှင့်ရာ ရုပ်ရှင်အတတ်ပညာဆုများဖြစ်သည့် အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆု (၂၀၁၉) ကို **"ဒဏ္ဍာရီမိုး"** ဇာတ်ကားဖြင့် အာကာတိုး၊ အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆု (၂၀၂၀) ကို **"ပိတောက်ကတဲ့ဂီတ"** ဇာတ်ကားဖြင့် ဖြိုးကျော်တို့က ရရှိကြသည်။

အကောင်းဆုံး ရုပ်ရှင်တေးဂီတဆု (၂၀၁၉) ကို **"နို့ဘီလူး"** ဇာတ်ကားဖြင့် ကျော်ကျော်ထွန်း၊ အကောင်းဆုံးရုပ်ရှင်တေးဂီတဆု (၂၀၂၀) ကို **"ဂန္ဓဗ္ဗ "** ဇာတ်ကားဖြင့် အောင်ကိုလတ် တို့က ရရှိကြသည်။

အကောင်းဆုံးရုပ်ရှင်အသံဆု (၂၀၁၉) ကို **"၁၀၁၄"** ဇာတ်ကားဖြင့် ကြည်မင်းသိန်းက ရရှိသည်။

အကောင်းဆုံး ရုပ်ရှင်တည်းဖြတ်ဆု (၂၀၁၉)ကို **"၁၀၁၄"**ဇာတ်ကားဖြင့် ဂျီသရီး၊ ကျော်ခိုင်စိုးနှင့် အကောင်းဆုံး ရုပ်ရှင်တည်းဖြတ်ဆု(၂၀၂၂)ကို **"လိပ်ပြာထောင်ချောက်"** ဇာတ်ကားဖြင့် ကြည်သာတို့က ရရှိကြသည်။

အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းဆု (၂၀၁၉) ကို **"နိုင်ငံကြီးသား"** ဇာတ်ကားဖြင့် မောင်မြတ်ဆွေ က ရရှိသည်။

ဆုရရှိကြသူများကို ဝါရင့်အကယ်ဒမီဆုများရှင် အနုပညာရှင်ကြီးများက အကယ်ဒမီရွှေစင်ရုပ်တုများ ပေးအပ်ချီးမြှင့်ပြီး ထူးချွန်ဆုရရှိကြသူများက ကျေးဇူးတင်စကား ပြောကြားကြသည်။

**အကောင်းဆုံးဝတ်စားဆင်ယင်မှုဆု**

ယင်းနောက် အထူးအစီအစဉ်တစ်ခုအဖြစ် ယခုနှစ်အခမ်းအနားသို့ တက်ရောက်လာကြသည့် အနုပညာရှင်များထဲမှ ရွေးချယ်ပေးအပ်သည့် အကောင်းဆုံး ဝတ်စားဆင်ယင်မှုဆုများ ( Myanmar Academy Fashion Awards) ကို ပေးအပ်ချီးမြှင့်ရာ အကောင်းဆုံး အမျိုးသားဝတ်စားဆင်ယင်မှု အကြီးတန်းဆုကို ရန်အောင်၊ အကောင်းဆုံးအမျိုးသမီးဝတ်စားဆင်ယင်မှု အကြီးတန်းဆုကို စိုးမြတ်သူဇာ၊ အကောင်းဆုံးအမျိုးသားဝတ်စားဆင်ယင်မှုဆုကို အောင်ရဲလင်း၊ အကောင်းဆုံး အမျိုးသမီးဝတ်စားဆင်ယင်မှုဆုကို မိုးဟေကိုတို့က ရရှိကြပြီး အကယ်ဒမီဆုများရှင် ဆွေဇင်ထိုက်က ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့ရုပ်ရှင် ထူးချွန်ဆုရရှိသူများကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အနုပညာရှင်ကြီးများက တစ်ဦးချင်း ဖွင့်ဖောက်ကြေညာပြီး ဆုများပေးအပ်ချီးမြှင့်ရာ ရုပ်ရှင်အတတ်ပညာဆုများ ဖြစ်သည့် အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု(၂၀၂၀) ကို **"ပိတောက်ကတဲ့ဂီတ"** ဇာတ်ကားနှင့် အကောင်းဆုံးရုပ်ရှင် ဇာတ်ကားဆု(၂၀၂၂) ကို **"ဝေးမနေချင်ဘူး"** ဇာတ်ကားတို့က ရရှိကြသည်။

ရုပ်ရှင်အထူးဆုဖြစ်သည့် ၂၀၂၀ ပြည့်နှစ်အတွက်အကောင်းဆုံးဝတ်စားဆင်ယင်ထုံးဖွဲ့မှုဆုကို **"ကမ္ဘဖလ"** ဇာတ်ကားမှ ဌေးဌေးတင်နှင့်အဖွဲ့က ရရှိသည်။

အကောင်းဆုံးရုပ်ရှင် ဒါရိုက်တာဆု (၂၀၂၀) ကို **"ပိတောက်ကတဲ့ဂီတ"** ဇာတ်ကားဖြင့် ဒါရိုက်တာမီးပွားက ရရှိသည်။

အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆု (၂၀၁၉)ကို "လှပ်၍လွင့်သော" ဇာတ်ကားဖြင့် ခင်ဝင့်ဝါနှင့် အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု (၂၀၂၀) ကို **"ရွှေမင်းသမီး"** ဇာတ်ကားဖြင့် မေသဥ္ဇာဦးတို့က ရရှိကြပြီး အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆု (၂၀၁၉)ကို **"ဒဏ္ဍာရီမိုး"** ဇာတ်ကားဖြင့် ရွှေထူးနှင့် အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆု(၂၀၂၀)ကို **"သောင်းတိုက်ကကြားစေသား"** ဇာတ်ကားဖြင့် အုန်းသီးတို့က ရရှိကြသည်။

အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆု (၂၀၁၉) ကို **"ဟစ်တိုင်"** ဇာတ်ကားဖြင့် အိန္ဒြာကျော်ဇင်၊ အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆု (၂၀၂၀) ကို **"ရွှေမင်းသမီး"** ဇာတ်ကားဖြင့် စိုးပြည့်သဇင်နှင့် အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆု (၂၀၂၂) ကို **"ဝေးမနေချင်ဘူး"** ဇာတ်ကားဖြင့် ရွှေမှုံရတီတို့က ရရှိကြသည်။

ဆုရရှိကြသူများကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဝါရင့် အကယ်ဒမီဆုများရှင် အနုပညာရှင်ကြီးများက အကယ်ဒမီရွှေစင်ရုပ်တုများ ပေးအပ်ချီးမြှင့်ပြီး ထူးချွန်ဆုရရှိကြသူများက ကျေးဇူးတင်စကား ပြောကြားကြသည်။

အကောင်းဆုံးအမျိုးသား ဇာတ်ဆောင်ဆု (၂၀၁၉) ကို **"ရိုးမပေါ်ကျတဲ့မျက်ရည်"** ဇာတ်ကားဖြင့် မြင့်မြတ်၊ အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု (၂၀၂၀) ကို **"ပိတောက်ကတဲ့ဂီတ"** ဇာတ်ကားဖြင့် စိုင်းစိုင်းခမ်းလှိုင်နှင့် အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု (၂၀၂၂) ကို **"လိပ်ပြာထောင်ချောက်"** ဇာတ်ကားဖြင့် ပြေတီဦး တို့က ရရှိကြပြီး ရုပ်ရှင်ထူးချွန်ဆုရရှိကြသူများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အကယ်ဒမီရွှေစင်ရုပ်တုများ ပေးအပ်ချီးမြှင့်သည်။

ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်နေချိန်တွင် မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံ သဘင်အစည်းအရုံးတို့မှ အနုပညာရှင်များက အလှည့်ကျ ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ရုပ်ရှင်၊ စာပေ၊ သဘင်၊ ဂီတ နယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် အနုပညာရှင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

၂၀၂၁ ခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ရုပ်ရှင်ဇာတ်ကားများကို ရုံတင်ပြသနိုင်ခဲ့ခြင်းမရှိခဲ့ဘဲ ၂၀၂၂ ခုနှစ် ဧပြီလမှ စတင်ပြီး ရုပ်ရှင်ဇာတ်ကားများကို ပြန်လည်ရုံတင်ပြသခဲ့ရာ နှစ်ကုန်အထိ ရုပ်ရှင်ဇာတ်ကားပေါင်း ၂၀ ကို ရုံတင်ပြသနိုင်ခဲ့သည်။

ယခုကျင်းပသည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအတွက် ၂၀၁၉ ခုနှစ်တွင် ရုံတင်ပြသခဲ့သည့် မြန်မာ့ရုပ်ရှင်ဇာတ်ကားပေါင်း ၉၇ ကား၊ ၂၀၂၀ ပြည့်နှစ်တွင် ရုံတင်ပြသခဲ့သည့် မြန်မာ့ရုပ်ရှင်ဇာတ်ကားပေါင်း ၂၁ ကားနှင့် ၂၀၂၂ ခုနှစ်တွင် ရုံတင်ပြသခဲ့သည့် မြန်မာ့ရုပ်ရှင်ဇာတ်ကားပေါင်း ၂၀ တို့ကို မြန်မာ့ရုပ်ရှင်ထူးချွန်ဆု စိစစ်အကဲဖြတ်ရေးအဖွဲ့က အဆင့်ဆင့်အကဲဖြတ်ပြီး ယင်းဇာတ်ကားများထဲမှ အကောင်းဆုံးရုပ်ရှင် ဇာတ်ကားများကို ရွေးချယ်၍ ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ခြင်းဖြစ်သည်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုကို ၁၉၅၂ ခုနှစ်မှ စတင်၍ ချီးမြှင့်ခဲ့ရာ ဇာတ်ကားဆု၊ အမျိုးသားပညာသည်ဆုနှင့် အမျိုးသမီးပညာသည်ဆု ၃ မျိုးကိုသာ ချီးမြှင့်ခဲ့ပြီး ဇာတ်ကားဆု ပထမဆုအဖြစ် ရွှေကိန္နရီရုပ်၊ ဒုတိယဆုအဖြစ် ငွေဒေါင်းရုပ်၊ တတိယဆုအဖြစ် ကြေးခြသေ့ရုပ်များကို ချီးမြှင့်ခဲ့ကာ အကောင်းဆုံးအမျိုးသားပညာသည်ဆုနှင့် အကောင်းဆုံးအမျိုးသမီးပညာသည်ဆုတို့ကို ရွှေရင်ထိုးများကိုသာ ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ ၁၉၅၇ ခုနှစ် ထူးချွန်ဆုပေးပွဲမှ စတင်ပြီး ဆုပုံသဏ္ဌာန်ကို ပြောင်းလဲ၍ ဆုအားလုံးကို တစ်ပြေးညီ ရွှေကိန္နရီရွှေစင်ရုပ်များကို ချီးမြှင့်ခဲ့သည်။

**ဆု ၁၁ မျိုးအထိ ချီးမြှင့်**

ထူးချွန်ဆု အရေအတွက်ကိုလည်း ၁၉၅၄ ခုနှစ်တွင် ဒါရိုက်တာဆု၊ ၁၉၅၅ ခုနှစ်တွင် အထူးဆု၊ ၁၉၅၆ ခုနှစ်တွင် ရုပ်ရှင်ဓာတ်ပုံထူးချွန်ဆု၊ ၁၉၆၂ ခုနှစ်တွင် အမျိုးသားဇာတ်ပို့ဆုနှင့် အမျိုးသမီးဇာတ်ပို့ဆုများကို တိုးမြှင့်ချီးမြှင့်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်တွင် ရုပ်ရှင်ဇာတ်ညွှန်းဆု၊ ရုပ်ရှင်တေးဂီတဆု၊ ရုပ်ရှင်အသံဆုများကို ထပ်မံတိုးမြှင့်ချီးမြှင့်ခဲ့သဖြင့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ၁၀ မျိုးအထိ ရှိလာခဲ့ကာ ၁၉၉၄ ခုနှစ်မှစပြီး ရုပ်ရှင်တည်းဖြတ်ဆုကိုပါ ထပ်တိုးချီးမြှင့်ခဲ့သဖြင့် ဆုအမျိုးအစားပေါင်း ၁၁ မျိုးအထိ ချီးမြှင့်ခဲ့သည်။

၁၉၅၂ ခုနှစ်မှ ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအထိ အနုပညာရှင်နှင့် အတတ်ပညာရှင်ပေါင်း ၂၀၈ ဦးကို ဆုများပေးအပ်ချီးမြှင့်ခဲ့ရာ ထူးချွန်ဆု ၇ ဆုရှင် တစ်ဦး၊ ထူးချွန်ဆု ၆ ဆုရှင် ၄ ဦး၊ ထူးချွန်ဆု ၅ ဆုရှင် ၇ ဦး၊ ထူးချွန်ဆု ၄ ဆုရှင် ၅ ဦး၊ ထူးချွန်ဆု ၃ ဆုရှင် ၂၁ ဦး၊ ထူးချွန်ဆု ၂ ဆုရှင် ၄၂ ဦးနှင့် ထူးချွန်ဆု ၁ ဆုရှင် ၁၂၈ ဦးတို့ကို ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်နိုင်ခဲ့သည်။ ၁၉၉၃ ခုနှစ်မှစ၍ ရွှေကိန္နရီ ရွှေစင်ရုပ်တွင် တပ်ဆင်ထားသည့် ငွေကြယ်အစား နှစ်ကျပ်သား ရွှေစင်ကြယ်ကို တပ်ဆင်ချီးမြှင့်ခဲ့ပြီး ၂၀၁၇ ခုနှစ်အတွက် ချီးမြှင့်သည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲမှစ၍ နှစ်ကျပ်သား ရွှေစင်ကြယ်အစား ငါးကျပ်သား ရွှေစင်ကြယ်သို့ ပြောင်းလဲပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ ဓာတ်ပုံမြင်ကွင်း



"ဒဏ္ဍာရီမိုး" ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆု (၂၀၁၉) ရရှိသည့် အာကာတိုး ဆုလက်ခံယူစဉ်။



"ပိတောက်ကတဲ့ဂီတ" ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆု (၂၀၂၀) ရရှိသည့် ဖြိုးကျော် ဆုလက်ခံယူစဉ်။



"နှီဘီလူး"ဇာတ်ကားဖြင့် အကောင်းဆုံး ရုပ်ရှင်တေးဂီတဆု (၂၀၁၉) ရရှိသည့် ကျော်ကျော်ထွန်း ဆုလက်ခံယူစဉ်။



"ဂန္ဓမ္ဗ " ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်တေးဂီတဆု (၂၀၂၀) ရရှိသည့် အောင်ကိုလတ် ဆုလက်ခံယူစဉ်။



"၁၀၁၄" ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်အသံဆု (၂၀၁၉) ရရှိသည့် ကြည်မင်းသိန်း ဆုလက်ခံယူစဉ်။



"၁၀၁၄"ဇာတ်ကားဖြင့် အကောင်းဆုံး ရုပ်ရှင်တည်းဖြတ်ဆု(၂၀၁၉) ရရှိသည့် ဂျီသရီးနှင့် ကျော်ခိုင်စိုး ဆုလက်ခံယူစဉ်။



"လိပ်ပြာထောင်ချောက်" ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆု(၂၀၂၂) ရရှိသည့် ကြည်သာ ဆုလက်ခံယူစဉ်။



"နိုင်ငံကြီးသား" ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းဆု (၂၀၁၉) ရရှိသည့် မောင်မြတ်ဆွေ ဆုလက်ခံယူစဉ်။



အကောင်းဆုံးရုပ်ရှင် ဇာတ်ကားဆု (၂၀၂၀) ရရှိသည့် "ပိတောက်ကတဲ့ဂီတ" ဇာတ်ကားအတွက် ဆုချီးမြှင့်စဉ်။



အကောင်းဆုံးရုပ်ရှင် ဇာတ်ကားဆု (၂၀၂၂) ရရှိသည့် "ဝေးမနေချင်ဘူး" ဇာတ်ကားအတွက် ဆုချီးမြှင့်စဉ်။



အကောင်းဆုံး ဝတ်စားဆင်ယင်ထုံးဖွဲ့မှုဆု (ရုပ်ရှင်အထူးဆု ၂၀၂၀) "ကမ္ဘဖလ" ဇာတ်ကားမှ ဒီဇိုင်နာ ဌေးဌေးတင် ဆုလက်ခံယူစဉ်။



"ပိတောက်ကတဲ့ဂီတ" ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆု (၂၀၂၀) ရရှိသည့် ဒါရိုက်တာမီးပွား ဆုလက်ခံယူစဉ်။

# ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ ဓာတ်ပုံမြင်ကွင်း


အကယ်ဒမီဆွေဇင်ထိုက် ရန်အောင်အား အကောင်းဆုံးအမျိုးသားဝတ်စားဆင်ယင်မှုအကြီးတန်းဆု ပေးအပ်ချီးမြှင့်စဉ်။


အကယ်ဒမီဆွေဇင်ထိုက် စိုးမြတ်သူဇာ အား အကောင်းဆုံးအမျိုးသမီး ဝတ်စားဆင်ယင်မှုအကြီးတန်းဆု ပေးအပ်ချီးမြှင့်စဉ်။


အကယ်ဒမီ အေးမြတ်သူ


အကယ်ဒမီဆွေဇင်ထိုက် အောင်ရဲလင်း အား အကောင်းဆုံးအမျိုးသားဝတ်စားဆင်ယင်မှုဆု ပေးအပ်ချီးမြှင့်စဉ်။


အကယ်ဒမီဆွေဇင်ထိုက် မိုးဟေကို အား အကောင်းဆုံးအမျိုးသမီးဝတ်စားဆင်ယင်မှုဆု ပေးအပ်ချီးမြှင့်စဉ်။


အကယ်ဒမီ ယွန်းယွန်း


အခမ်းအနား တက်ရောက်သည့် အနုပညာရှင်များ


အကယ်ဒမီ နန္ဒာလှိုင်


အကယ်ဒမီ စိုးပြည့်သဇင်


မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်ကြသည့် ပရိသတ်များ။


မေမြင့်မိုရ်


ဆောင်းယွန်းစံ

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရန်ကုန်မြို့ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် စက်ဆန်းမိသားစုဝန်ထမ်းအိမ်ရာသစ်နှင့် သီရိအဏ္ဏဝါခန်းမသစ်ဖွင့်လှစ်ခြင်း အခမ်းအနားတက်ရောက်





**နေပြည်တော် မေ ၆**

နိုင်ငံတော်ကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက်ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် စက်ဆန်းမိသားစုဝန်ထမ်းအိမ်ရာသစ်နှင့် သီရိအဏ္ဏဝါခန်းမဆောင်သစ် ဖွင့်ပွဲအခမ်းအနား တက်ရောက်ဖွင့်လှစ်သည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဌာနမြေတွင် အသစ်ဆောက်လုပ် ပြီးစီးနေသည့် စက်ဆန်းမိသားစု ဝန်ထမ်းအိမ်ရာသစ်သို့ ရောက်ရှိပြီး အိမ်ရာဖွင့်ပွဲအခမ်းအနား မုခ်ဦးနေရာ၌ ရန်ကုန်မြို့တော်ဝန်၊ ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်ရေး ဝန်ကြီးနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဧည့်သည်တော်များနှင့်အတူ ရှစ်ခန်းတွဲ၊ (၆)ထပ်အဆောက်အအုံသစ် နှစ်လုံး၊ အရာထမ်း/အမှုထမ်း လူပျိုဆောင် အဆောက်အအုံသစ် နှစ်လုံး၊ ဘက်စုံသုံး ခန်းမဆောင်သစ် (Multi-Function Assembly Hall) အဆောက်အအုံတစ်လုံးနှင့် ဝန်ထမ်းမိသားစု ဆေးခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သီရိအဏ္ဏဝါခန်းမဆောင်သစ်နှင့် အိမ်ရာသစ်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက သီရိအဏ္ဏဝါခန်းမသစ် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်၊ ဦးဆောင်ညွှန်ကြားရေးမှူးတို့နှင့် အတူ ခန်းမသစ်ရှိ ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်နှင့် မိခင်ဌာနအနေဖြင့် ဝန်ထမ်းများ၏ နေထိုင်မှု အဆင်ပြေစေရေး၊ သက်သာချောင်ချိရေး၊ သွားလာမှု အဆင်ပြေစေရေး၊ ဝန်ထမ်းမိသားစုများ အားလုံး တစ်စုတစ်စည်းတည်း စုပေါင်းနေထိုင်နိုင်စေရေးတို့ အတွက် ရည်ရွယ်ချက်ကောင်း၊ စေတနာကောင်းများဖြင့် ဤသို့သော အဆင့်မြင့်အိမ်ရာများ စီစဉ်ဆောင်ရွက်ထားမှုအတွက် ဝန်ထမ်းများကလည်း မိခင်ဌာနအပေါ်တွင် ဂုဏ်ယူ၊ သစ္စာရှိ၊ သံယောဇဉ်ထားကြပြီး ပေးအပ်သည့် တာဝန်ဝတ္တရားများကို အားသွန်ခွန်စိုက် စေတနာပြည့်ဝစွာဖြင့် ထမ်းဆောင်သွားကြရန် ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းသစ္စာ အဓိဋ္ဌာန်(၆)ချက်၊ နိုင်ငံ့ဝန်ထမ်း ကျင့်ဝတ်အပါး (၃၀) စသည့် နိုင်ငံ့ဝန်ထမ်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာကျင့်ကြံသွားကြရန် ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ မြောက်မြားစွာ ကုန်ကျခံ တည်ဆောက် စီစဉ်ပေးထားခြင်း ဖြစ်သောကြောင့် ဤဝန်ထမ်းအိမ်ရာတစ်ခုလုံးနှင့် ပတ်ဝန်းကျင်ကို ရေရှည်တည်တံ့အောင်၊ အစဉ်အမြဲ သန့်ရှင်းသာယာလှပနေအောင် အားလုံးက တက်ညီလက်ညီဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားကြရန်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးက စက်ဆန်းမိသားစု ဝန်ထမ်းအိမ်ရာ၊ ဘက်စုံသုံးသီရိအဏ္ဏဝါခန်းမတို့နှင့် စပ်လျဉ်းသည့် အချက်အလက်များအား ရှင်းလင်းတင်ပြပြီး တည်ဆောက်ရေး မှတ်တမ်းတင် Video Clip ပြသသည်။

မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၏ စက်ဆန်းမိသားစုဝန်ထမ်း အိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းကို (၂၀၁၃-၂၀၁၄) ဘဏ္ဍာရေးနှစ်မှစတင် စီစဉ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ရာ ယနေ့ဖွင့်လှစ်သည့် အဆောက်အအုံများ အပါအဝင် လူနေအဆောက်အအုံ ၁၂ လုံး၊ အိမ်ခန်း ၄၅၆ ခန်း၊ ဘက်စုံသုံး ခန်းမ တစ်ခုနှင့် မိသားစုဆေးခန်း တစ်ခန်းတို့ပါရှိကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်ဘူတာကြီးဝင်း အတွင်းရှိ Rail Bus Engine-RBE စက်ခေါင်းရုံသို့ ရောက်ရှိပြီး စက်ခေါင်းရုံအတွင်း၌ West Corporation က ပြုပြင်လွှဲပြောင်း ပေးအပ်ထားပြီးဖြစ်သည့် RBE (၈)တွဲအား အသုံးပြုနေမှုနှင့် လွှဲပြောင်းပေးအပ်ရန် ကျန်ရှိနေသည့် RBE (၇)တွဲတို့အား မွမ်းမံပြင်ဆင်မှုနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီးနောက် သတ်မှတ်အချိန်ဇယားနှင့်အညီ ပြီးစီးရေး၊ တွဲများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ခုတ်မောင်းပြေးဆွဲရာတွင် ဘေးအန္တရာယ် ကင်းရှင်းစေရေးနှင့် ရေရှည် အသုံးပြုနိုင်ရေးလိုအပ်သည့် ရထားခရီးစဉ်များတွင် အင်အားဖြည့်တင်း သုံးစွဲနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်ကိစ္စများကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်ဘူတာကြီး ဧည့်ခန်းမဆောင်၌ ဝန်ကြီးဌာနလက်အောက်ရှိ ဌာနအကြီးအမှူးများကို တွေ့ဆုံ၍ ဘင်္ဂလားပင်လယ်အော်၌ မကြာမီ ဖြစ်ပေါ်လာနိုင်သည့် ဆိုင်ကလုန်းမုန်တိုင်း၏ အခြေအနေသတင်းများကို မျက်ခြည်မပြတ် စောင့်ကြည့်လျက် ဝန်ထမ်းများထံသို့ သတင်းမှန်များ အချိန်နှင့်တစ်ပြေးညီ ရောက်ရှိစေရေး၊ မိမိဌာန၏ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်းများအပေါ် ထိခိုက်လာနိုင်ခြေများကို ကြိုတင်သုံးသပ်လျက်အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်သွားနိုင်ရေး၊ လေယာဉ်၊ ရေယာဉ်၊ ရထားခရီးစဉ်များ ပြေးဆွဲမှုကို လိုအပ်သလို ပြင်ဆင်ပြောင်းလဲ စီမံနိုင်ရေး၊ လေယာဉ်များကို မုန်တိုင်းလွတ်ကင်းရာ လေယာဉ်ကွင်းနေရာများသို့ ယာယီရွှေ့ပြောင်းရပ်နားနိုင်ရေး၊ ဌာနပိုင် ရေယာဉ်များအား အနီးစပ်ဆုံးဆိပ်ကမ်းနှင့် သင်္ဘောကျင်းများတွင် အချိန်မီ စနစ်တကျ လွန်းတင်ကမ်းထိုး ရပ်နား ထိန်းသိမ်းနိုင်ရေး၊ ရထားစက်ခေါင်း၊ လူစီးတွဲ၊ ကုန်တွဲများ လေပြင်းဒဏ်ကြောင့် လိမ့်ထွက်ကာ ရထားမတော်တဆမှုများ မဖြစ်ပေါ်အောင် သတ်မှတ်ထားသည့် ထိန်းသိမ်းမှုနည်းစနစ်အတိုင်း လိုက်နာဆောင်ရွက်ရေး၊ ဆက်သွယ်ရေးစနစ်များ ပြတ်တောက်မှု ဖြစ်ပေါ်ပါက အမြန်ဆုံးပြန် လည်ချိတ်ဆက်နိုင်ရန်အတွက် အရန်ဆက်သွယ်ရေးစနစ်များ စီစဉ်ထားရှိရေး၊ သဘာဝဘေးအန္တရာယ် ကြုံတွေ့လာရပါက ဌာနအချင်းချင်း ထိရောက်သည့် ပံ့ပိုးကူညီမှုများ ဆောင်ရွက်နိုင်စေရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရေး တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်ခ်(Minsk)မြို့ရှိ နိုင်ငံတကာလေ့ကျင့်ရေးအကယ်ဒမီသင်တန်းကျောင်းတွင် ရွှေ့ပြောင်းသွားလာခြင်းနှင့် လူကုန်ကူးမှုတားဆီးရေးဆိုင်ရာ လေ့ကျင့်သင်ကြားပေးနေမှုများကို ကြည့်ရှုလေ့လာ



**နေပြည်တော် မေ ၆**

ဘယ်လာရုစ်သမ္မတနိုင်ငံတွင် ရောက်ရှိနေသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင် မင့်စ်ခ်မြို့ရှိ နိုင်ငံတကာ လေ့ကျင့်ရေး အကယ်ဒမီသင်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းအုပ်ကြီး Major General Vasilyev Aleksandr Pavlovich က သင်တန်းကျောင်း၏ ဖွဲ့စည်းပုံနှင့်လုပ်ငန်းဆောင်ရွက်နေမှု၊ ရွှေ့ပြောင်းသွားလာခြင်း၊ လူကုန်ကူးမှုတားဆီးရေးဆိုင်ရာများနှင့် ပတ်သက်၍ လေ့ကျင့်သင်ကြားပေးနေမှု၊ နိုင်ငံခြားသားသင်တန်းသားများအတွက် လေ့ကျင့်သင်ကြားပေးသည့် နည်းစနစ်များကို Power Point ဖြင့် ရှင်းလင်းပြောကြားခဲ့ရာ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များ ပြန်လည်မေးမြန်းပြီးနောက် ကျောင်းအုပ်ကြီးက သင်တန်းကျောင်းအတွင်းရှိ စာသင်ခန်းများနှင့် သင်ထောက်ကူပြုပစ္စည်းများကို လိုက်လံရှင်းလင်းပြသကြ၍ အပြန်အလှန်လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နည်းပညာပိုင်းဆိုင်ရာပူးပေါင်းဆောင်ရွက်နေသော x-Infotech ကုမ္ပဏီသို့ သွားရောက်လေ့လာခဲ့ရာ တာဝန်ရှိသူများက ဘယ်လာရုစ်သမ္မတနိုင်ငံ၏ e-Government စနစ်နှင့်ချိတ်ဆက်၍ e-ID စနစ် အကောင်ထည်ဖော် ဆောင်ရွက်နေမှုများတွင် နည်းပညာပိုင်းဆိုင်ရာအရ ပူးပေါင်းဆောင်ရွက်နေမှုများနှင့် e-ID စနစ်နှင့်ပတ်သက်၍ နိုင်ငံတကာ၌ ဆောင်ရွက်ခဲ့မှုများကို Power Point ဖြင့် ရှင်းလင်းပြသခဲ့ရာ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များအား မေးမြန်းခဲ့ကြောင်း သတင်းရရှိသည်။ (ယာပုံ)

**သတင်းစဉ်**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုများအား ရန်ကုန်တိုင်းဒေသကြီးမှ ပင့်ဖိတ်ထားသောဆရာတော်ကြီးများ လေ့လာဖူးမြော်ကြည်ညို

**နေပြည်တော် မေ ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက် ပူဇော်လျက်ရှိသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗဟန်းမြို့နယ် အလယ်တောရစာသင်တိုက်၊ နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တ ဂန္ဓာမာလာဘိဝံသ ဦးဆောင်သော ရန်ကုန်တိုင်းဒေသကြီးမှ ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော်စုစုပေါင်း ၆၅ ပါးတို့က ယနေ့ နံနက်ပိုင်းတွင် လာရောက်လေ့လာ ဖူးမြော်ကြည်ညိုကြသည်။ **(ယာပုံ)**



ဦးစွာ ဆရာတော်၊ သံဃာတော်ကြီးများအား ရှင်းလင်းဆောင်၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တည်ထားကိုးကွယ်ရသည့် ရည်ရွယ်ချက်၊ တည်ထား ကိုးကွယ်ရန် စကျင်ကျောက်တော်ကြီးအား အဆင့်ဆင့် တူးဖော်ခြင်းနှင့် ကျောက်တုံးတော်ကြီးများအား ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများဖြင့် ပင့်ဆောင်ခဲ့ရမှု၊ ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း (၁/၂/၃/၄)တို့ကို ထုဆစ်ခြင်း၊ ပလ္လင်တော်အထက်သို့ ပင့်ဆောင်နိုင်ရန် သံမဏိမျှော်စင် ဝန်ချီစက် တည်ဆောက်ခြင်း၊ ရုပ်ပွားတော်မြတ်ကြီးအား ပင့်ထောင်ခြင်းနှင့် ပင့်ဆောင်နေရာချထားခြင်းလုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှုအခြေအနေများ၊ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီးနှင့် သာသနိကအဆောက်အဦ စိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် သစ်ပင်၊ ပန်းမန်များ စိုက်ပျိုးဆောင်ရွက်နေမှု၊ သာသနိက အဆောက်အဦများ ဆောက်လုပ်နေမှုနှင့် အဆင့်ဆင့်တိုးတက်လာမှုအခြေအနေများကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော်ကြီးများသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ပလ္လင်တော်တည်ဆောက်ပြီးစီးမှု၊ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ သာသနိကအဆောက်အဦများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်နေမှု အခြေအနေများကိုလည်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော်ကြီးများအား ရန်အောင်မြင်တောရ (မြို့တော်ဝန်ကျောင်း) ရှိ ဘောဇနသမ္မဒါ ဆွမ်းစားကျောင်း၌ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်ကြီးများ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသည့် မင်္ဂလသုတ်နှင့် အန္တရာယ်ကင်း ပရိတ်တရားတော်တို့ကို နာယူ ကြည်ညိုကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်း လူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်များ၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် မေ ၆**

ကျောင်းသား ကျောင်းသူ၊ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း(အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်း လူငယ်သင်တန်း(အငယ်တန်းအဆင့်) ဖွင့်ပွဲများကို ဧပြီ ၂၄ ရက်က သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၀၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ရေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၀၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရေကြောင်း လူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၅ ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ရေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၃ဦး၊ ကျွန်းစုမြို့ရှိ ရေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၁၅ ဦး၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိရေကြောင်း လူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူစုစုပေါင်း ၆၁ဦးနှင့် ကျောက်ဖြူမြို့ရှိ ရေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၀ တို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူ နည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်(ရေ) ရေကြောင်းလူငယ်သင်တန်းစခန်း ၁၁ ခု၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၁၂ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ **(ဝဲပုံ)**





အလားတူ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်) နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်) သင်တန်းများကို မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ လေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ လေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀ နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ လေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀တို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူ နည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ် အသီးသီးရှိ တပ်မတော်(လေ) လေကြောင်းလူငယ်သင်တန်းစခန်း ၁၇ ခု၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၈၀ တို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်) နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်) သင်တန်းများ လေ့ကျင့်သင်ကြားပို့ချနေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းမှူးများနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု အားပေးပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မော်လိုက်မြို့၌ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ ကျင်းပ

**မော်လိုက် မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးလွင်က နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားစီမံကိန်းဥပဒေအပါအဝင် ဥပဒေ (၃)မျိုးကို ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့ဌာနများနှင့် သက်ဆိုင်သည့် ရည်မှန်းချက်များကို အောင်မြင်ပြည့်မီအောင် ဥပဒေအရ တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်ပြီး ခရိုင်စီမံကိန်းဦးစီးမှူး ဦးသောင်းထိုက်က စီမံကိန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများကို ကဏ္ဍအလိုက် စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇေယျာ(မြန်/ဆက်)

# မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ တက်ရောက်လာကြသူများ၏ ဝမ်းသာပီတိစကားသံများ

တွေ့ဆုံမေးမြန်း - ဝင်းသန့် ၊ ဓာတ်ပုံ - ဟိန်းမင်းစိုး

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ရပ်နားခဲ့ရသည့် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲကို ယနေ့တွင် နေပြည်တော်မြို့တော်ခန်းမအနီးရှိ လဟာပြင်ကဇာတ်ရုံတွင် ခမ်းနားထည်ဝါစွာ ကျင်းပခဲ့ပြီး ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်၊ ၂၀၂၂ ခုနှစ် သုံးနှစ်စာအတွက် ရုပ်ရှင်ထူးချွန်ဆုများ ချီးမြှင့်နိုင်ခဲ့သည်။ ထိုကဲ့သို့ ချီးမြှင့်နိုင်ခြင်းသည် အနုပညာလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် အရွေ့တစ်ခုဖြစ်သလို ပြည်သူလူထု အတွက်လည်း မျှော်လင့်စောင့်စား ရင်ခုန်ရသည့် အခမ်းအနားတစ်ခုဖြစ်ရာ တက်ရောက် လာကြသူများ၏ စကားသံများကို ဖော်ပြလိုက်ရပါသည်။


အကယ်ဒမီ ဒါရိုက်တာ စင်ရော်မောင်မောင်


ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း


အကယ်ဒမီ ထက်ထက်မိုးဦး


အကယ်ဒမီ မို့မို့မြင့်အောင်


သရုပ်ဆောင် ကျော်ထက်အောင်


အကယ်ဒမီ နန္ဒာလှိုင်


အကယ်ဒမီ ခိုင်သင်းကြည်


အကယ်ဒမီ စိုးပြည့်သဇင်

**အကယ်ဒမီ ဒါရိုက်တာ စင်ရော်မောင်မောင်**

တစ်သက်မှာ သုံးနှစ်ဆက်တိုက်ပေးတဲ့ အကယ်ဒမီပွဲကို တက်ရမယ်လို့ တစ်ခါမှ မထင်ခဲ့ပါဘူး။ ဒီအကယ်ဒမီပွဲမှာ စီမံကွပ်ကဲမှု ဒါရိုက်တာ တာဝန်ယူထားပါတယ်။ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနဲ့ သေချာဆွေးနွေးပြီး တစ်ထောင့်တစ်နေရာကနေ ပူးပေါင်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ပြင်ဆင်ခဲ့တာ ငါးလခန့်ရှိပါပြီ။ ဒီအကယ်ဒမီပွဲက သုံးနှစ်စာ ပေးတဲ့အတွက်လည်း ထူးခြားပါတယ်။ မလုပ်တာကြာပြီဖြစ်တဲ့ နေပြည်တော်မှာ ပြန်လည်ကျင်းပတဲ့အတွက်လည်း ထူးခြားပါတယ်။ အစီအစဉ်တက်ဆက်မှုနဲ့ မီးအလင်းအမှောင်တွေကလည်း ထူးခြားပါတယ်။ ထူးချွန်ဆုကို ၃၃ ဆု လျာထားပါတယ်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း**

ဒီနှစ်မှာ အကယ်ဒမီဆုရရှိပြီးသူတွေကို ရွှေရင်ထိုးလေးတွေ ပေးအပ်ဖို့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက စိတ်ကူးရပြီးတော့ စတင်စီစဉ်တာဖြစ်ပြီး ဦးသန်းဌွေး(ကိုဂျက်)က ကူညီပံ့ပိုးပေးတာဖြစ်ပါတယ်။ ဒါကို နိုင်ငံတော်က သိတဲ့အခါမှာ ကြယ်ပွင့်လေးကိုပါ ထပ်ပေါင်းပြီး စီစဉ်တာဖြစ်လို့ ဂုဏ်ယူစရာကောင်းပါတယ်။ အကယ်ဒမီဆုရရှိပြီးသူတိုင်း ရင်ထိုးလေးတွေ ရရှိကြမှာဖြစ်ပါတယ်။ အားလုံးကို ပျော်ရွှင်စေဖို့ စီစဉ်တာဖြစ်ပါတယ်။ သုံးနှစ်စာအတွက် ထူးချွန်ဆုပေးပွဲကို နေပြည်တော်မှာ အခုလို ခမ်းခမ်းနားနား ကျင်းပနိုင်ခဲ့တဲ့အတွက် ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ အထူးပျော်ရွှင်မိပါတယ်။ ရုပ်ရှင်ထူးချွန်ဆုပေးပွဲဆိုတာ ရုပ်ရှင်လောကသားတွေအတွက်ပွဲတစ်ခုဖြစ်ပြီး ဒီပွဲကိုနိုင်ငံတော်က ပံ့ပိုးပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။

**ရုပ်ရှင်တေးဂီတဆုရရှိသူ အကယ်ဒမီ ဒါရိုက်တာ အောင်ကိုလတ်**

သုံးနှစ်စာဆိုတော့ ထူးချွန်ဆုတွေ များပါတယ်။ ဇာတ်ကားတွေလည်း အများကြီး တွေ့ရသလို ပံ့ပိုးတဲ့ အတတ်ပညာရှင်တွေရဲ့ လက်ရာတွေကိုလည်း အများကြီး တွေ့ရပါတယ်။ အခုလို သုံးနှစ်ကို တစ်ပြိုင်တည်းပေးတာ ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ ဆန်ခါတင်ဇာတ်ကားဖြစ်တဲ့ ဂန္ဓဗ္ဗဇာတ်ကားက ပြင်ဆင်မှု လေးနှစ်ခွဲ ငါးနှစ်အချိန်ယူရပါတယ်။ သာမန်ဇာတ်ကား တစ်ကားနဲ့မတူဘဲ မြန်မာ့ရိုးရာစောင်းရဲ့ ခုနစ်ကြိုးနဲ့ ၁၆ကြိုးကာလာနဲ့ ဂျပန်နိုင်ငံရဲ့ ရိုးရာဂီတတွေကို ပေါင်းစပ်ဖြစ်ခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ပရိသတ်လက်ထဲ ရောက်ခဲ့တယ်။ အခုဆိုရင် ဂျပန်နိုင်ငံမှာ ပြဖို့စီစဉ်နေပါတယ်။

**အကယ်ဒမီ ခင်သီတာထွန်း**

၂၀၁၉-၂၀၂၀ မှာ အကယ်ဒမီအတွက် မျှော်မှန်းလို့ရတဲ့သူတွေ အများအပြား တွေ့ရပါတယ်။ ၂၀၂၀-၂၀၂၂ အတွက်ကတော့ နည်းသွားတယ်။ ဒါပေမယ့်သုံးနှစ်စာ ပေါင်းလိုက်တော့ ဆန်ခါတင်စာရင်းမှာ အများကြီးပါပဲ။ တော်တဲ့သူတွေ အကယ်ဒမီဆုရဖို့ အလားအလာရှိတဲ့သူတွေ အများကြီး တွေ့ရပါတယ်။ မျှော်မှန်းတဲ့သူတိုင်းရပါစေလို့ ဆုတောင်းပါတယ်။ ကိုယ်တိုင်လည်း ရုပ်ရှင်ထူးချွန်ဆုရဖို့ နှစ်တွေအများကြီး မျှော်မှန်းရတာတွေ ရှိခဲ့ပါတယ်။ အနုပညာသမား တစ်ယောက်ဖြစ်တဲ့အတွက် အကယ်ဒမီလို့ ကြားလိုက်တာနဲ့ ရင်ခုန်ပါတယ်။ တော်တဲ့ အနုပညာရှင်တွေ၊ ဇာတ်ပို့ဇာတ်ဆောင်တွေ၊ အတတ်ပညာရှင်တွေ အများကြီးရှိတဲ့အတွက် သူတို့လည်း ရင်ခုန်နေကြမှာပါ။ အကယ်ဒမီကတော့ အနုပညာရှင်တိုင်း မျှော်မှန်းထားတဲ့ ပန်းတိုင်တစ်ခုဖြစ်ပါတယ်။ အနုပညာအလုပ်တွေ ဆက်လက်လုပ်ဆောင်ဖို့ ခွန်အားတွေ ရရှိစေပါတယ်။

**အကယ်ဒမီ ထက်ထက်မိုးဦး**

အကယ်ဒမီဆိုတာ အနုပညာရှင်တိုင်းအတွက် ရည်မှန်းချက် ပန်းတိုင်ဖြစ်ပါတယ်။ အရင်က တစ်နှစ်တစ်ခါပေးခဲ့တာဖြစ်ပြီး အခု သုံးနှစ်စာဆိုတော့ အကယ်ဒမီဆုတွေ အများကြီးရကြမှာပါ။ အကယ်ဒမီဆိုတာနဲ့ ရင်ခုန်ပါတယ်။ အားလုံးကိုယ်စား ရင်ခုန်ရပါတယ်။ ကျွန်မအနေနဲ့ အကယ်ဒမီရခဲ့တဲ့ နှစ်တွေထဲမှာ ၁၉၉၆ ခုနှစ်က ပထမဆုံးရခဲ့တဲ့နှစ်ဆိုတော့ ရင်ခုန်ရဆုံးဖြစ်ပါတယ်။ အားလုံး ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းပေးပါတယ်။

**အကယ်ဒမီ မို့မို့မြင့်အောင်**

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရဖို့ဆိုတာ အနုပညာရှင်တွေအတွက် အတော်ကို ကြိုးစားရတယ်။ ရပြီးသွားလည်း ထပ်မံရချင်ကြတာပါပဲ။ ကျွန်မအခု အသက် ၆၀ ကျော်သည့်တိုင် ရချင်နေတုန်းပါပဲ။ ထပ်မံလည်း ကြိုးစားနေဦးမှာပါပဲ။ ဒါအနုပညာရှင်တွေရဲ့ စိတ်ဓာတ်ပါပဲ။ ချစ်တဲ့ပရိသတ်ကြီးလည်း အခုအကယ်ဒမီဆုရတဲ့ မောင်တွေ၊ ညီမတွေလိုပဲ ပျော်ရွှင်နိုင်ကြပါစေလို့ ဆုတောင်းပေးပါတယ်။

**အကယ်ဒမီ ဆွေဇင်ထိုက်**

ကျွန်မတို့ မြန်မာ့ရုပ်ရှင်မှာ အကယ်ဒမီပေးပွဲဆိုတာ ၁၉၅၂ ခုနှစ်ကတည်းက စတင်ခဲ့တာဖြစ်ပါတယ်။ သူ့ရဲ့ရည်ရွယ်ချက်က မရှိသေးတဲ့သူတွေက ရအောင်ကြိုးစားချင်လာမယ်။ ရပြီးသွားလည်း နောက်ထပ်ရရှိအောင် အားပေးတာ၊ အသိအမှတ်ပြုပေးရတာ ဖြစ်ပါတယ်။ ဒီနှစ်ကတော့ သုံးနှစ်စာပေါင်းပြီး ပေးတာဖြစ်ပါတယ်။ အနုပညာဆိုတာ အရှိန်ရှိပါတယ်။ တစ်နှစ်ကနေ နောက်တစ်နှစ် တက်သွားရတာဖြစ်ပါတယ်။ သုံးနှစ်တောင် ကြာသွားပြီဆိုတော့ အေးသွားမှာစိုးတဲ့အတွက် ဒီလိုကျင်းပဖြစ်တာ ကျေးဇူးတင်ပါတယ်။ ဒီနှစ်မှာ ထူးထူးခြားခြားအနေနဲ့ ဖက်ရှင်နဲ့ ပတ်သက်ပြီး ဆုချီးမြှင့်ပေးတာဖြစ်ပါတယ်။ နိုင်ငံတကာမှာလည်း ဒီလို ပေးလေ့ပေးထရှိတဲ့အတွက် ဆုတစ်ခုအနေနဲ့ ထည့်ပြီး စီစဉ်တာဖြစ်ပါတယ်။

**အကယ်ဒမီ ရန်အောင်**

ရွှေကြိုတွေကတော့ သုံးနှစ်စာဖြစ်တဲ့အတွက် အယောက် ၄၀ ဖြစ်သွားပါတယ်။ အတော်လေးလည်း စိစစ်ရွေးချယ်ခဲ့ရပါတယ်။ ကလေးတွေ အားလုံးကလည်း ပျော်ကြတယ်။ အကယ်ဒမီပေးပွဲတွေ အတော်များများလည်း တက်ခဲ့ဖူးပါတယ်။ အကယ်ဒမီတွေလည်း ရခဲ့ဖူးတယ်ဆိုပေမယ့် အခုနှစ်ကတော့ အရင်နှစ်တွေနဲ့ မတူတဲ့ တင်ဆက်မှုတွေလည်း တွေ့ရတယ်။ သုံးနှစ်စာဆိုတဲ့အတွက် ဆုအမျိုးအစားတစ်ခုမှာ သုံးဦးရတာကို တွေ့ရမယ်ဆိုတော့ ပျော်စရာကောင်းပါတယ်။ မြန်မာ့ရုပ်ရှင်ကိုချစ်တဲ့ ပရိသတ်တွေရှိလို့ မြန်မာ့ရုပ်ရှင်က ရှင်သန်နေရတာ ဖြစ်ပါတယ်။ ရုပ်ရှင်အနုပညာရှင်တွေ၊ အတတ်ပညာရှင်တွေအားလုံးက ပရိသတ်ရဲ့ အားပေးမှုအပေါ်မှာပဲ ရပ်တည်ရတာ ဖြစ်ပါတယ်။ အားပေးမှုဆိုတဲ့ ပီတိကိုစားပြီးတော့ အလုပ်တွေ လုပ်နေရတာ ဖြစ်ပါတယ်။ ပရိသတ်တွေ အားပေးမှုရှိတဲ့အတွက် အကယ်ဒမီပေးပွဲဆိုတာ ဖြစ်လာရတာပါ။ အခု ပရိသတ်တွေကလည်း သောင်းသောင်းဖြဖြနဲ့ အားတက်သရောရှိကြပါတယ်။ အင်မတန် ဝမ်းသာဖို့ ကောင်းပါတယ်။ အနုပညာရှင်တွေ အားလုံးလည်း စုစုစည်းစည်း ပျော်ပျော်ရွှင်ရွှင်နဲ့ တွေ့ရတဲ့အတွက် ကြည်နူးမိပါတယ်။

**သရုပ်ဆောင် ကျော်ထက်အောင်**

ဒီနှစ်က သုံးနှစ်စာချီးမြှင့်တာဖြစ်ပါတယ်။ အကယ်ဒမီနဲ့ ပတ်သက်ပြီး ဒီနှစ်က လျှို့ဝှက်သိုသိပ်တော့ ဘယ်သူတွေရမယ်ဆိုတာ ခန့်မှန်းဖို့ မသိဘူးဖြစ်နေတယ်။ ဆန်ခါတင်ဇာတ်ကားတွေက အများကြီးဆိုတော့ တကယ်တော်တဲ့သူတွေ ရကြမှာပါ။

**အကယ်ဒမီ နန္ဒာလှိုင်**

အကယ်ဒမီဆိုတာ အနုပညာသမားတိုင်း ရချင်ကြတဲ့ ဆုတစ်ဆုပါပဲ။ အင်တိုက်အားတိုက်နဲ့ သုံးနှစ်စာပေးမယ့် ဒီလိုနှစ်မျိုးမှာ ဘယ်သူတွေရရ ဝမ်းသာမှာပါ။ ကျွန်မ အကယ်ဒမီရတဲ့နှစ်ကလည်း အကယ်ဒမီပေးပွဲကို နေပြည်တော်မှာပဲ ကျင်းပခဲ့တာပါ။ ပရိသတ်တွေနဲ့ အခုလို ပြန်လည်တွေ့ဆုံရတာ ဝမ်းသာပါတယ်။

**အကယ်ဒမီ ခိုင်သင်းကြည်**

ဒီနေ့ အကယ်ဒမီပေးပွဲကို တက်ရောက်ရတဲ့အတွက် ပျော်ပါတယ်။ ၂၀၁၉ ခုနှစ်မှာ ကျွန်မပါဝင်သရုပ်ဆောင်ထားတဲ့ ရိုးမပေါ်ကျတဲ့မျက်ရည် ဇာတ်ကားက အကယ်ဒမီ ဆန်ခါတင်စာရင်းထဲမှာပါပါတယ်။ ဇာတ်ကားအနေနဲ့လည်း အလွန်ကောင်းပါတယ်။ သရုပ်ဆောင်တွေ အားလုံးကလည်း သူ့နေရာနဲ့သူ ဇာတ်ရုပ်ကလိုက်ဖက်ပါတယ်။

**အကယ်ဒမီ ထွန်းအိန္ဒြာဗိုလ်**

ကျွန်မအနေနဲ့ အနုပညာအလုပ်တွေ မလုပ်တာကြာတော့ ကိုယ်ကျင်လည်ခဲ့တဲ့ လောကကမိတ်ဆွေတွေ၊ သူငယ်ချင်းတွေအားလုံးကို တွေ့ချင်လို့လာတာပါ။ ကျွန်မရဲ့ဇာတ်ကားတွေအနေနဲ့ သူစိမ်းအိမ်နဲ့ စရိုက်ဆိုပြီး အကယ်ဒမီ ဆန်ခါတင်နှစ်ကားပါပါတယ်။

**အကယ်ဒမီ စိုးပြည့်သဇင်**

ရွှေမင်းသမီး ဇာတ်ကားကိုတော့ စပြီး ရိုက်ကတည်းက အတတ်နိုင်ဆုံး ရွှေရည်ဆိုတဲ့ ဇာတ်ကောင်စရိုက်ကို ပီပြင်အောင် ကြိုးစားခဲ့ရပါတယ်။ ဒီကားက အများကြီး ကြိုးစားအားထုတ်ခဲ့ရတဲ့ ကားလေးဖြစ်ပါတယ်။ ဒီဇာတ်ကားနဲ့ပတ်သက်ပြီး ကိုယ့်ရဲ့ တောင်ငူမြို့တည်၊ နန်းတည်ကို အခြေခံပြီး ရိုက်ထားတာဖြစ်တဲ့အတွက် ပိုပြီးအမှတ်တရဖြစ်တဲ့ ဇာတ်ကားဖြစ်ပါတယ်။အကယ်ဒမီပေးပွဲတိုင်း အကယ်ဒမီရခဲ့တဲ့ အခိုက်အတန့်ကို အမြဲတမ်းမှတ်မိပါတယ်။ အခုလို အနုပညာမောင်နှမတွေ အများကြီးကို ကျန်းကျန်းမာမာနဲ့ ပြန်လည်တွေ့ဆုံရတဲ့အတွက် ဝမ်းသာပါတယ်။ ပရိသတ်တွေလည်း ကျန်းမာချမ်းသာခြင်းနဲ့ ဆုတောင်းပေးပါတယ်။

**သရုပ်ဆောင်ယွန်းယွန်း**

သုံးနှစ်စာဆိုတော့ ဆန်ခါတင်ဇာတ်ကားတွေ အများကြီးပါပဲ။ တကယ်ကိုထိုက်တန်ပြီး ပရိသတ်အကြိုက်နဲ့ထပ်တူကြမယ့် သရုပ်ဆောင်တွေ ရရှိကြပါစေလို့ ဆန္ဒပြုပါတယ်။ အားလုံးက စီနီယာအစ်ကို၊ အစ်မတွေ ဖြစ်တဲ့အတွက် ဘယ်သူရရ ပျော်မှာပါ။ ။

# ဆီးဂိမ်း ပီတန်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ခင်ချယ်ရီသက် နှစ်ကြိမ်ဆက်တိုက် ရွှေတံဆိပ်ဆု ဆွတ်ခူး


ရွှေတံဆိပ်ဆုရ ခင်ချယ်ရီသက် ယှဉ်ပြိုင်စဉ်။

ရန်ကုန် မေ ၆

(၃၂) ကြိမ်မြောက် ဆီးဂိမ်း ပီတန်းပြိုင်ပွဲ ပထမနေ့ကို မေ ၆ ရက်က စတင်ကျင်းပရာ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ပီတန်းကစားသမား ခင်ချယ်ရီသက် ဗိုလ်စွဲပြီး ဆီးဂိမ်းရွှေတံဆိပ်ဆုကို နှစ်ကြိမ်ဆက်တိုက် ရယူနိုင်ခဲ့သည်။ ခင်ချယ်ရီသက်သည် (၃၁) ကြိမ်မြောက် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲတွင်လည်း ရွှေတံဆိပ်ဆုရခဲ့ပြီး နှစ်ကြိမ်ဆက်တိုက် ရွှေဆုရရှိခဲ့ခြင်းဖြစ်သည်။

အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲတွင် ခင်ချယ်ရီသက် အပါအဝင် ဗီယက်နမ်၊ ထိုင်း၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ မလေးရှားနှင့် လာအိုတို့မှ စုစုပေါင်း ရှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ပြိုင်ပွဲကျင်းပသည့်ပုံစံအရ ပထမအဆင့်တွင် အမှတ်အများဆုံးရရှိသည့် ထိုင်းနှင့် ဗီယက်နမ်ကစားသမားမှာ ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရပြီး ကျန်ကစားသမားခြောက်ဦးမှာ ဒုတိယအဆင့် ထပ်မံယှဉ်ပြိုင်ခဲ့ရသည်။ ခင်ချယ်ရီသက်သည် တတိယနေရာသာရသဖြင့် ဒုတိယအဆင့် ဆက်လက်ယှဉ်ပြိုင်ရပြီး ကမ္ဘောဒီးယား ကစားသမားနှင့်အတူ ထိပ်ဆုံးနှစ်ဦး စာရင်းဝင်သဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရခဲ့သည်။ ခင်ချယ်ရီသက်သည် ဆီမီးဖိုင်နယ်တွင် ထိုင်းကစားသမား သောင်သာနွန်နှင့် တွေ့ဆုံခဲ့ပြီး ၄၄-၃၁ မှတ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲတက်ရောက်ခဲ့သည်။ ဗိုလ်လုပွဲတွင် ဗီယက်နမ်ကစားသမား ငုယင်သီသီနှင့် တွေ့ဆုံခဲ့ပြီး ၄၂-၃၀ မှတ်ဖြင့် အနိုင်ရသဖြင့် ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ-seagames2023**

## ဆီးဂိမ်း အမျိုးသားဘော်လီဘောပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲတွင် ထိုင်းကို မြန်မာအသင်း ရှုံးနိမ့်

**ရန်ကုန် မေ ၆**

(၃၂) ကြိမ်မြောက် ဆီးဂိမ်းအမျိုးသား ဘော်လီဘောပြိုင်ပွဲ အုပ်စုတတိယနေ့ကို မေ ၆ ရက်က ဆက်လက်ကျင်းပရာ မြန်မာအသင်းသည် ထိုင်းအသင်းကို ရှုံးနိမ့်ခဲ့သည်။

မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် နာမည်ကြီး ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးပွဲပြတ်အရေးနိမ့်ခဲ့သည်။ ထိုင်းအသင်းသည် လက်ရည်အသာဖြင့်ကစားကာ ပထမပွဲငယ်တွင် ၂၅-၁၈ မှတ်၊ ဒုတိယပွဲငယ်တွင် ၂၅-၂၁ မှတ်၊ တတိယပွဲငယ်တွင်၂၅-၁၇ မှတ်ဖြင့် သုံးပွဲပြတ်အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ဗီယက်နမ်၊ ထိုင်း၊ မလေးရှားတို့နှင့် အုပ်စုကျပ်အတွင်း ကျရောက်ခဲ့ပြီး သုံးပွဲစလုံး အရေးနိမ့်ကာ ဆီမီးဖိုင်နယ်နှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဆီမီးဖိုင်နယ် တက်ရောက်ခြင်းမရှိသော်လည်း အဆင့် ၅/၈ နေရာလုပွဲ ထပ်မံကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် ဆီးဂိမ်းပြိုင်ပွဲ နှစ်ကြိမ်ဆက်တိုက် အုပ်စုအဆင့်မှ ထွက်ခဲ့ရခြင်းဖြစ်သည်။

အခြားအုပ်စုပွဲများတွင် ဗီယက်နမ်အသင်းက မလေးရှားအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရခဲ့သည်။

**ရဲရင့်လွင်**

## ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲ မြန်မာအသင်း ရှုံးပွဲကြုံတွေ့

**ရန်ကုန် မေ ၆**

(၃၂) ကြိမ်မြောက် ဆီးဂိမ်းအမျိုးသမီး ဘောလုံးပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို မေ ၆ ရက်က ဆက်လက်ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ခဲ့သည်။

မြန်မာအသင်းသည် မိနစ် ၇၀ နောက်ပိုင်းပေးလိုက်ရသည့် ဂိုးများကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ပြီး ဆီမီးဖိုင်နယ် တက်ရောက်ရန် နောက်ဆုံးပွဲအထိ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် နောက်ဆုံးပွဲတွင် မလေးရှားနှင့် ကစားရမည်ဖြစ်သောကြောင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် အခွင့်အရေးများနေသော်လည်း အနိုင်ရလဒ်အပြင် ဂိုးများများ သွင်းယူနိုင်ရန်လည်း လိုအပ်နေသည်။

မြန်မာအမျိုးသမီး အသင်းသည် မျိုးမြမြငြိမ်း(ဂိုး)၊ ဖြူဖြူဝင်း၊ မိုးမမစိုး၊ ဖွန်ယုယဦး၊ နော်ထက်ထက်ဝေ၊ မေသက်မွန်မြင့်၊ ခင်မိုမိုထွန်း၊ ခင်မာလာထွန်း၊ ဝင်းသိင်္ဂီထွန်း၊ စန်းသော်သော်၊ ဂျူလိုင်ကျော်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲအစတွင် မြန်မာအသင်း ကစားပုံတည်မရဖြစ်နေသဖြင့် ဗီယက်နမ်အသင်း၏ ဖိအားပေးခြင်းခံခဲ့ရပြီး ၁၀ မိနစ်တွင် အသင်းခေါင်းဆောင် ဟူယန်နျူက ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းမှ မြန်မာအသင်း ကစားပုံပြန်ငြိမ်လာပြီး ၄၂ မိနစ်တွင် ခင်မိုမိုထွန်းက ခေါင်းတိုက်ပြီး ချေပဂိုးပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အပြန်အလှန် တိုက်စစ်ဆင်ကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်များရခဲ့သော်လည်း အသုံးမချနိုင်ခဲ့သဖြင့် မြန်မာအသင်း နစ်နာခဲ့ရသည်။ ၇၆ မိနစ်တွင် မြန်မာဂိုးသမား ဂိုးဖမ်းပုံမသေသပ်ရာမှတစ်ဆင့် ထရန်နျူက ဗီယက်နမ်အတွက် ဒုတိယဂိုးသွင်းယူခဲ့ပြီး အနိုင်သေချာစေမည့် တတိယဂိုးကို ၈၉ မိနစ်တွင် ထရန်သွေက သွင်းယူခဲ့သည်။

ယခုပွဲအပြီးတွင် လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းက နှစ်ပွဲကစား နှစ်ပွဲနိုင် ခြောက်မှတ်၊ မြန်မာအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်ရရှိထားသည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် မေ ၉ ရက်တွင် မလေးရှားအသင်းနှင့် ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**

မြန်မာနှင့် ဗီယက်နမ် ယှဉ်ပြိုင်စဉ်။



## (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

၆ - ၅ - ၂၀၂၃

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ကမ္ဘောဒီးယား | ၁၉ | ၁၁ | ၁၁ | ၄၁ |
| ၂ | အင်ဒိုနီးရှား | ၈ | ၇ | ၁၁ | ၂၆ |
| ၃ | ထိုင်း | ၇ | ၁၀ | ၁၆ | ၃၃ |
| ၄ | ဖိလစ်ပိုင် | ၇ | ၉ | ၁၄ | ၃၀ |
| ၅ | ဗီယက်နမ် | ၆ | ၁၁ | ၁၉ | ၃၆ |
| ၆ | စင်ကာပူ | ၅ | ၂ | ၃ | ၁၀ |
| ၇ | မြန်မာ | ၃ | ၁ | ၁၀ | ၁၄ |
| ၈ | လာအို | ၂ | ၄ | ၇ | ၁၃ |
| ၉ | မလေးရှား | ၂ | ၂ | ၉ | ၁၃ |
| ၁၀ | ဘရူနိုင်း | ၀ | ၀ | ၁ | ၁ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၀ | ၁ | ၁ |

**ကျော်လင်း-စုစည်းသည်**

## (၃၂) ကြိမ်မြောက် ဆီးဂိမ်းအမျိုးသမီးဘောလုံးအသင်း အုပ်စု (က) ရပ်တည်မှု

| စဉ် | အသင်း | ပွဲစဉ် | နိုင် | သရေ | အရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁ | ဗီယက်နမ် | ၂ | ၂ | ၀ | ၀ | ၆ |
| ၂ | ဖိလစ်ပိုင် | ၂ | ၁ | ၀ | ၁ | ၃ |
| ၃ | မြန်မာ | ၂ | ၁ | ၀ | ၁ | ၃ |
| ၄ | မလေးရှား | ၂ | ၀ | ၀ | ၂ | ၀ |

❖ *ကျောဖုံးမှ*

ရမှတ် ၄၃၉ မှတ်ဖြင့် ငွေတံဆိပ်၊ အင်ဒိုနီးရှားအတွဲက ရမှတ် ၄၃၇ မှတ်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။ ကြေးတံဆိပ်ဆုများကို အမျိုးသားလက်သိုင်းအပြပြိုင်ပွဲတွင် ကျော်သူစိုးအောင်၊ အမျိုးသားဓားအရှည်ပြိုင်ပွဲတွင် ရာဇာထွန်း၊ အမျိုးသမီး Dragon-Tiger ပြိုင်ပွဲတွင် ခိုင်ဇာထွန်းနှင့် အမျိုးသားအသင်းလိုက် ပြိုင်ပွဲတို့တွင် တစ်ခုစီ ဆွတ်ခူးရရှိခဲ့သည်။

ဆီးဂိမ်းဗိုဗီနမ်ပြိုင်ပွဲကို မေ ၆ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ရွှေတံဆိပ် စုစုပေါင်း ၃၀ ချီးမြှင့်သွားမည်ဖြစ်သည်။

**ကိုညီလေး**



အမျိုးသားလေးယောက်တွဲ လက်သိုင်းအပြပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရခဲ့သည့် အောင်ခိုင်လင်း၊ ဟိန်းထက်အောင်၊ ရာဇာထွန်းနှင့် ကျော်သူစိုးအောင် အတွဲ။

ဓာတ်ပုံ-အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အုတ်တွင်းမြို့နယ်၌ နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှုပြုလုပ်

အုတ်တွင်း မေ ၆

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ ဌာနဆိုင်ရာများနှင့် ပူးပေါင်းကာ နှာခေါင်းစည်းတပ်ဆင်ရေး ပညာပေးလှုပ်ရှားမှုကို မြို့အထွက် တိုးဂိတ်နေရာ၌ မေ ၅ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများက ကိုဗစ်-၁၉ ရောဂါ မျိုးကွဲသစ်ပြန့်ပွားမှု ဆက်လက် ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မြို့နယ်အတွင်းရှိ ပြည်သူများ နေအိမ်ပြင်ပသို့ သွားလာပါက နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊ လက်ကို မကြာခဏ ဆေးကြောရန်နှင့် တစ်ဦးနှင့်တစ်ဦး အနည်းဆုံး ခြောက်ပေအကွာ နေထိုင်ရန်တို့ကို အသိပညာပေးပြောကြားပြီး မြို့အထွက်တိုးဂိတ်၌ ဖြတ်သန်းသွားလာနေသည့်ပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးသည်။



အုတ်တွင်းမြို့နယ်အနေဖြင့် ကျန်းမာရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး စည်းကမ်းချက်များကို ဆက်လက်လိုက်နာဆောင်ရွက်ရန် လိုအပ်သည့်အတွက် အသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အေမင်းရည်စော(ပြန်/ဆက်)

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံး ပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ကိုဗစ်-၁၉ ရောဂါ ခတ်ခွဲအတည်ပြုလူနာသစ် ၂၂ ဦး တွေ့ရှိ

### ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၉၂) ရာခိုင်နှုန်းရှိ

**(၆-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၅-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၅၇၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၉၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၄၃၀,၄၇၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၅,၈၈၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၅၉) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၅,၁၀၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၂) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့်တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# မရေရာ မသေချာမှုကြားမှ အိမ်ပြန်ချင်ကြသူများအတွက် . . .

**မိုးကေနိုင်**

မိမိပုံမှန်နေထိုင်ရာ ဒေသ၊ နေရပ်၊ အိမ်ရာဝန်းကျင်မှ အကြောင်းအမျိုးမျိုးကြောင့် စွန့်ခွာချင်သူဟူ၍ ရှိမည်မဟုတ်ပါ။ ယာယီဖြစ်ဖြစ်၊ ရေရှည်ဖြစ်ဖြစ် ဘယ်လိုအကြောင်းမျိုးနှင့်မှ စွန့်ခွာချင်ကြမည်မဟုတ်။ သို့သော် မတည်ငြိမ် မအေးချမ်းသောဒေသများတွင် မမျှော်လင့်ဘဲ ခါးသီးလှသည့် တိုက်ပွဲများ၊ သဘာဝကပ်ဘေးနှင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် မိမိတို့ အသက်ရှင်သန်ရေး၊ အခြေခံစားဝတ်နေရေး လိုအပ်ချက်များအတွက် မိမိတို့နေရပ်ကို စွန့်ခွာနေရသူများ၊ ရှောင်တိမ်းနေရသူများ၊ ခိုလှုံနေရသူများ Internally Displaced Persons (IDPs)ဟူသော အသုံးအနှုန်းနှင့်ကားယဉ်ပါးနေရသည်။

**ကူညီလျက်နှင့် ပိတ်သိမ်းနိုင်ရန်လည်း ကြိုးစားနေ**

ကမ္ဘာတစ်ဝန်း ၂၀၂၂ ခုနှစ်စာရင်းအရ ပဋိပက္ခအကြမ်းဖက်ဖြစ်ရပ်များကြောင့် IDPs လူသား ၅၉ သန်းကျော်အထိ အမြင့်ဆုံးအရေအတွက်သို့ရောက်ရှိသွားသည်ဟု သိရသည်။ နိုင်ငံတကာတွင် မူလရှိဆဲပဋိပက္ခများအပြင် ပြည်တွင်းရေးမပြေလည်မှုများ၊ နယ်စပ်ပြဿနာများ၊ နှစ်နိုင်ငံစစ်ပွဲများကြောင့် IDPs အရေအတွက် တိုးလာလျက်ရှိသည်။ တည်ငြိမ်အေးချမ်းမှုနှင့် ငြိမ်းချမ်းရေးကို မတည်ဆောက်နိုင်ပါက နေရပ်စွန့်ခွာအရေအတွက် ယခုထက်ပို၍ တိုးပွားသွားရန်သာရှိသည်။

ထိုသို့ တိုးမြင့်လာသည့် အခြေအနေတွင် မြန်မာနိုင်ငံတွင်မူ နိုင်ငံတော်က IDPs စခန်းများကို ပိတ်သိမ်းပြီး မူလနေရာများသို့ ပြန်လည်ပို့ဆောင်ပေးရေးနှင့် ၎င်းတို့၏ လူမှုစီးပွားဘဝများ အဆင်ပြေစေရေး ကြိုးစားဆောင်ရွက်ပေးနေသည်။ မပိတ်သိမ်းနိုင်သေးသည့် စခန်းများကိုလည်း လူသားချင်းစာနာထောက်ထားမှု ရှုထောင့်မှနေ၍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်းနှင့် အဖွဲ့ဝင်များ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၃ ရက်က ကယားပြည်နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာသူ ပြည်သူများကို အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်စဉ်။

စိတ်စေတနာအပြည့်ဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရေး အကူအညီအထောက်အပံ့များ ပေးအပ်နေသည်ကို မြင်တွေ့ရသည်။

မငြိမ်းချမ်း၍ နေရပ်စွန့်ခွာကြရသည်။ တိုက်ပွဲရှောင်၍ ဒုက္ခသည်ဖြစ်ကြရသည်။ နောက်ခံအခြေအနေ၊ နယ်မြေအခြေအနေ၊ တိုက်ပွဲအခြေအနေများပေါ်မူတည်၍ ပထမတော့ ယာယီခိုလှုံရာစခန်း၊ ကာလရှည်ကြာလာပြီး မိမိနေရပ်ပြန်ဖို့ အခြေအနေမပေးတော့သည့်အခါ IDPs စခန်းများတွင်သာ နေထိုင်ကြရတော့သည်။ သူတို့၏ လူမှုစီးပွားဘဝတွေ ထိခိုက်ရပ်တန့်ကုန်သည်။ ပုံမှန်ဘဝမျိုး မရရှိတော့ဘဲ ခက်ခက်ခဲခဲ ရပ်တည်ကြရတော့သည်။ အားလုံးကတော့ အခြေအနေ ပြန်လည်တည်ငြိမ်သွားသည့်အခါ မိမိတို့မူလနေရင်းဒေသများဆီ ပြန်လည် အရောက်ပြန်ချင်ကြသည်သာ။ သို့သော် တိုက်ပွဲများကြောင့် မိမိတို့ နေထိုင်ရာမြေနေရာများ၊ အိုးအိမ်စည်းစိမ်၊ ကျွဲ၊ နွား၊ လယ်ယာများ ဆုံးရှုံးခဲ့ရသည့် အခြေအနေများတွင် မိမိတို့ မူလနေထိုင်ခဲ့ရာ ဝန်းကျင်သည် နယ်ပယ်သစ်များ ဖြစ်ကုန်ကြသည်။ မူလရှိခဲ့သော လူမှုစီးပွားဘဝများ ပုံမှန်အခြေအနေပြန်ရောက်ရန်ပင် မလွယ်ကူသည့် အနေအထားများအထိ ရောက်ရှိသွားတော့သည်။

**ရပ်တည်ရန်ခက်ခဲသည့် ရုန်းကန်ရင်ဆိုင်ရမှုများ**

Vulnerable groups ဟုခေါ်သည့် အသက်ကြီးရင့်သူ ဘိုးဘွားများ၊ နို့တိုက်မိခင်များအပါအဝင် မိန်းမနှင့် ကလေးငယ်များ၊ မသန်မစွမ်းသူများ၏ဘဝကားပို၍သာ ဆိုးတော့သည်။ စခန်းများရှိ အမျိုးသားများသည် ကျန်းမာရေးကောင်းပါက ကြုံရာကျပန်းအလုပ်များ လုပ်ပြီး ရပ်တည်ရသလို မိန်းမများ အနေဖြင့်လည်း အရောင်းအဝယ် ဟင်းသီးဟင်းရွက်ရောင်း၊ လုပ်ငန်းအငှားလိုက်၊ ထင်းခွေရေခပ် ကြုံရာအလုပ်များဖြင့်သာ ရပ်တည်ရုန်းကန်ကြရသည်။ ပြည်တွင်း ပြည်ပအလှူရှင်များ၏ လစဉ်ထောက်ပံ့မှုကိုသာ မျှော်ကိုးကြရသည်။ အားလုံးသော နှောင့်နှေးမှုများတွင် အခရာကျသည့် ပညာရေး၊ ကျန်းမာရေးလည်းပါသည်။ အစိုးရနှင့် ဘာသာရေးအဖွဲ့အစည်းများက ဖွင့်ပေးသော ကျောင်းများတွင်သာ ပညာသင်ကြားမှုအဆက်မပြတ်အောင် ကြိုးစားကြရပြီး ကျန်းမာရေးမှာလည်း သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနများ၊ နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၏ စောင့်ရှောက်မှုကိုသာ ရယူကြရသည်။

အခြေခံစားရေး၊ နေရေးအပြင် ရေ၊ မီး၊ မိလ္လာစသည့်လိုအပ်ချက်များကလည်း ရှိပြန်ပါသည်။ ဒုက္ခသည်အချင်းချင်း၊ အချို့ကအဖွဲ့လိုက် အမြတ်ထုတ်ခေါင်းပုံဖြတ်သူများ၊ အမြတ်ထုတ်ခံရသူများလည်း ရှိကြသည်။ နေရပ်စွန့်ခွာသူအများစုမှာ မိသားစုအရေအတွက်၊ ဆွေမျိုးအများအပြားနှင့် ဖြစ်ကြပြီး အိမ်ခန်းကျဉ်းကျဉ်းတွင် အချို့က အဖီထိုး၍ ကျပ်ကျပ်တည်းတည်း ဆင်းဆင်းရဲရဲ နေထိုင်ကြရသည်။ ဤသို့ဖြင့် စခန်းတွင်း ကျူးကျော်အိမ်ရာဟူ၍ ရှိလာရပြန်သည်။ တစ်ကိုယ်ရေအသုံးကအစ အသုံးအဆောင်ပစ္စည်းများကို ချို့တဲ့စွာသုံးစွဲကြရသည်။ စနစ်တကျနေထိုင်နိုင်ရေးအတွက် စည်းကမ်းများထုတ်ပြန်ထားသော်လည်း လူမှုရေးအခက်အခဲများသာမက တစ်ဦးချင်းလုံခြုံရေး အခက်အခဲများကိုလည်း လျှော့တွက်၍မရသည့် အခြေအနေတွင် ရင်ဆိုင်ကြရသည်။

IDPs စခန်းများကား ပုံမှန်အတိုင်း နေမြဲ၊ လုပ်မြဲဖြစ်သော်လည်း မမျှော်လင့်သော အရေးပေါ်အခြေအနေများ ဖြစ်သည့် မုန်တိုင်း၊ ရေကြီးမှု၊ သဘာဝဘေးဒဏ်များနှင့် ကိုဗစ်ကဲ့သို့သော ကူးစက်မြန်ရောဂါများ မတော်တဆကျရောက်လာပါက ထိန်းချုပ်ရန် အလွန်ခက်ခဲသော အခြေအနေများဆီ ဆိုက်ရောက်သွားနိုင်သည့် စိန်ခေါ်မှုများအတွက်လည်း ကြိုတင်ပြင်ဆင်ထားရပြန်ပါသည်။

**နေရပ်ပြန်ချင်သူအများစုအတွက် ထိထိရောက်ရောက်ဆောင်ရွက်ပေးနေ**

အချို့က မိမိတို့ဘဝများ တစ်ကပြန်စနိုင်ရေး၊ မိမိတို့သားသမီးများ ပညာရေးအတွက် မူလနေရပ်များဆီ ပြန်လိုကြသည်။ အချို့ကား နယ်မြေလုံခြုံမှုမရှိ၊ မတည်ငြိမ်သည့် အခြေအနေနှင့် သောင်းကျန်းသူများ ထောင်ထားသော မိုင်းအန္တရာယ်များကြောင့် ပြန်ချင်သော်လည်း မပြန်နိုင်ဖြစ်ကြရသည်။ အခြေအနေပေးလျှင်သော်မှ မိမိနေရပ်ပြန်ရောက်သည့်အခါ အမှီအခိုကင်းကင်းဖြင့် မိမိတို့ဘဝရပ်တည်ရေးမှာ နေရာထိုင်ခင်းက အဆင်သင့်မဖြစ်၊ ရင်းနှီးလုပ်ကိုင်စားသောက်ရန်က အခွင့်အလမ်းကနည်း၊ အခက်အခဲမျိုးစုံကြုံရသူများလည်း ရှိကြသည်။ အချို့ကား ဘယ်မှမပြန်လို၊ ကြွံကြွံခံ၍ ရောက်ရှိရာစခန်းများတွင်ပင် ပျော်မွေ့၊ အခြေကျနေသူများလည်း ရှိပြန်သည်။ သို့သော်မိမိတို့ နေရပ်များဆီ အနေနှင့် အမြန် ပြန်ချင်သူက အများစုဖြစ်သည်ကို စစ်တမ်းများအရ သိရှိရသည်။

ထိုကဲ့သို့ လိုအပ်ချက်များ၊ အခက်အခဲများကား အများအပြားရှိသော်လည်း နိုင်ငံတော်အနေဖြင့်မူ နေရပ်ပြန်ချင်သူများ၊ အိမ်ပြန်ချင်သူများအတွက် ခေတ်အဆက်ဆက် အားထည့်ကြိုးပမ်းဆောင်ရွက်နေသည်သာ ဖြစ်သည်။ မလွဲမရှောင်သာ အခြေအနေများကြောင့် ဆင်းရဲဒုက္ခနှင့် အန္တရာယ်ကျရောက်နေသည့် မိမိတို့ တိုင်းရင်းသားပြည်သူများ၏ အဆင်မပြေမှုများကို ပပျောက်စေပြီး ပုံမှန်အခြေအနေသို့ ရောက်ရှိစေရေး နိုင်ငံတော်က နည်းမျိုးစုံဖြင့် ကြိုးစားဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရသည်။ နိုင်ငံတော်အတွက် အရေးပါသည့် ကိစ္စတစ်ခုအဖြစ် သဘောထား၍ အမျိုးသားရေးတာဝန်တစ်ရပ်နှယ် မူဝါဒရေးဆွဲ သတ်မှတ်ဆောင်ရွက်နေခြင်းဖြစ်သည်။ နိုင်ငံတော်နှင့် ပြည်သူများက ၎င်းတို့ကို လုံးဝဖယ်ကြဉ်မထားမှန်း သိသာသည်။

ထို့ကြောင့်လည်း နိုင်ငံတော်အဆင့်တွင် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေး အမျိုးသားအဆင့်ကော်မတီတစ်ရပ်နှင့် ပြည်နယ်အဆင့်ကော်မတီ လေးခုကို ဖွဲ့စည်းဆောင်ရွက်နေခြင်း ဖြစ်သည်။ အမျိုးသားအဆင့် ကော်မတီအောက်တွင် လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထိထိရောက်ရောက် ဖော်ဆောင်နိုင်ရေး၊ အခြေခံအဆောက်အဦ ပြန်လည်နေရာချထားရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး၊ ပညာရေးနှင့် ကျန်းမာရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းကော်မတီများကို ထပ်မံဖွဲ့စည်းထားရှိပြန်သည်။

**IDPs စခန်းများနှင့် ဖွံ့ဖြိုးရေးဟူသည် ပြဒါးတစ်လမ်းသံတစ်လမ်း**

အဓိကမှာ IDPs စခန်းများကို စနစ်တကျ ပြန်လည်ပိတ်သိမ်းလိုရင်းပင်ဖြစ်သည်။ IDPs စခန်းများကို ပိတ်သိမ်းခြင်းသည် လုံခြုံရေးအရနှင့် ဘဝရှင်သန်မှုအတွက် စိတ်ချရမှုရှိမှသာ၊ ပြန်လည်ထူထောင်ရေးအတွက် ပြင်ဆင်ပြီးဖြစ်မှသာ ပိတ်သိမ်းခြင်းဖြစ်သည်။ အတင်းအကျပ် ပြန်ပို့ခြင်းလည်း မဟုတ်ပါ။ တစ်ဖက်က ငြိမ်းချမ်းရေးကို ရှေးရှုလျက် တည်ငြိမ်ရေးကို အားထည့်ကြိုးပမ်းပြီး တစ်ဖက်က လူမှုစီးပွားဘဝများဖွံ့ဖြိုးရေးကို ဟန်ချက်ညီညီ ဆောင်ရွက်ပေးလျက်ရှိသည်။ IDPs စခန်းများ ကြာရှည်တည်ရှိနေခြင်းသည် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဟန့်အတားများဖြစ်စေသည်။ အချို့ ပြည်တွင်းငြိမ်းချမ်းမှုမလိုလားသူများက မြန်မာ့တပ်မတော်ကြောင့်ဟု၊

*စာမျက်နှာ ၁၇ သို့*

❖ ကမ္ဘာတစ်ဝန်း ၂၀၂၂ ခုနှစ် စာရင်းအရ ပဋိပက္ခအကြမ်းဖက် ဖြစ်ရပ်များကြောင့် IDPs လူသား ၅၉ သန်းကျော်အထိ အမြင့်ဆုံးအရေအတွက်သို့ ရောက်ရှိ

❖ မလွဲမရှောင်သာ အခြေအနေများကြောင့် ဆင်းရဲဒုက္ခနှင့် အန္တရာယ်ကျရောက်နေသည့် မိမိတို့ တိုင်းရင်းသားပြည်သူများ၏ အဆင်မပြေမှုများကို ပပျောက်စေပြီး ပုံမှန်အခြေအနေသို့ ရောက်ရှိစေရေး နိုင်ငံတော်က နည်းမျိုးစုံဖြင့် ကြိုးစားဆောင်ရွက်ပေးလျက်ရှိ

# စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(ကျုံး)၌ သင်ကြားမည့်ဘာသာရပ်ဆိုင်ရာများ ရှင်းလင်းဆွေးနွေး

ပင်းတယ မေ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျုံးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ မေ ၄ ရက်က စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(ကျုံး)နှင့် စပ်လျဉ်းသော တွေ့ဆုံဆွေးနွေးပွဲ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက ပညာသင်နှစ် သုံးနှစ်သတ်မှတ်ထားပြီး နှစ်အလိုက် ထူးချွန်စွာအောင်မြင်ပါက အထူးအောင်၊ အဆင့်မီ၊ သင်ယူပြီးမြောက်ခြင်းဟူ၍ အဆင့် သုံးဆင့် ခွဲခြားသတ်မှတ်ပြီး အဆင့်အလိုက် သက်ဆိုင်ရာ တက္ကသိုလ်၊ နည်းပညာကောလိပ်၊ စိုက်ပျိုးရေးသိပ္ပံ အစရှိသည့် အဆင့်မြင့်ပညာများကို ဆက်လက်ဆည်းပူးလေ့လာ သင်ယူခွင့်ရရှိကြမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ စိုင်းကျော်နိုင်ဦးက စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းနှင့် စပ်လျဉ်းသော အချက်အလက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ ဝင်းသန်းထွန်းက အစိုးရနည်းပညာအထက်တန်းကျောင်းနှင့် ပတ်သက်သော အတွေ့အကြုံများကို မျှဝေပြောကြားသည်။ ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြား ဆွေးနွေးကြောင်း သိရသည်။ **ရဲထက်ဦး(ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

တိုင်းရင်းသားများကို ဖိနှိပ်မှုကြောင့်ဟု အကြောင်းအမျိုးမျိုးပြ၍ IDPs စခန်းများ ပိတ်သိမ်းခြင်းကို ဆန့်ကျင်နေကြသည်။ သို့သော် လက်တွေ့တွင်မူ နိုင်ငံတော်အစိုးရနှင့် မြန်မာ့တပ်မတော်၏ တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်ချက်များနှင့် တိုင်းရင်းသားဒေသများရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများသည် IDPs စခန်းများ ပိတ်သိမ်းခြင်းနှင့် ဆက်စပ်နေသည်ကို တွေ့ရပြန်သောအခါ ၎င်းတို့၏ စွပ်စွဲချက်များသည် တည်ငြိမ်အေးချမ်းရေးကို ဟန့်တားနှောင့်ယှက်သည့် မလိုတမာ စွပ်စွဲချက်များသာဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်သည်။

**ကွင်းဆင်းစစ်ဆေးပြီးမှ ဆက်လက်ပိတ်သိမ်းသွားမည့် အခြေအနေ**

IDPs/ ယာယီတိုက်ပွဲရှောင်ဟူသည် နောက်ခံသမိုင်း နေရာဒေသပေါ်တွင်မူတည်၍ ဖြစ်ပေါ်လာပုံခြင်း၊ ရပ်တည်နေထိုင်ပုံချင်းမတူကြ၍ ၎င်းစခန်းများ ပိတ်သိမ်းမည်ဆိုလျှင် စိစစ်သုံးသပ်၍ အကြံပြုချက်များနှင့်တကွ ပိတ်သိမ်းရန်လိုအပ်သည့်အတွက် IDPs စခန်းများအား ကွင်းဆင်းစစ်ဆေးပြီး တွေ့ရှိချက်များကို ခွဲခြမ်းစိတ်ဖြာ စိစစ်သုံးသပ်သည့် အဖွဲ့တစ်ခုကို ထပ်မံဖွဲ့စည်းခဲ့သည်။ ၎င်းအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်နှင့်အတူ အကြံပြုတင်ပြချက်များကိုပါ အထူးအလေးထားပြီး ဆက်လက်ပိတ်သိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် IDPs စခန်းများ ဖွင့်လှစ်ထားရှိသော ကချင်၊ ကရင်၊ ရခိုင်၊ ရှမ်းပြည်နယ်များရှိ စုစုပေါင်း IDPs စခန်း ၁၁၀ ခန့်တွင် ကွင်းဆင်းစစ်ဆေးခဲ့ပြီး လုံလောက်သည့် တွေ့ရှိချက်များနှင့် အပြုသဘောအကြံပြုချက် များရရှိခဲ့ခြင်းက စခန်းများအောင်အောင်မြင်မြင် ပိတ်သိမ်းရေးကို များစွာအထောက်အကူဖြစ်စေခဲ့သည်။

IDPs စခန်းများကို ပိတ်သိမ်းရုံနှင့်မပြီး နောက်ဆက်တွဲ ပြန်လည်နေရာချထားရေး၊ အခြေခံအဆောက်အဦနှင့် စားဝတ်နေရေး၊ အသက်မွေးဝမ်းကျောင်း၊ ကျန်းမာရေး၊ ပညာရေး စသည့်အခြေခံ လိုအပ်ချက်များစွာကို ဖြေရှင်းဆောင်ရွက်ပေးရပါဦးမည်။ ပြောင်းရွှေ့စရိတ်၊ အိမ်ဆောက်ပစ္စည်းမှအစ ကယ်ဆယ်ရေးပစ္စည်းများ၊ သင့်တော်သည့် ကာလတစ်ခုအထိ ဆန်ရိက္ခာအပါအဝင် အခြေခံစားသောက်ကုန်များ ထောက်ပံ့ရန်၊ အိမ်ထောင်စုများ ပြန်လည်နေရာချထားရန်၊ နေအိမ်အသစ်များ ပြန်လည်ဆောက်လုပ်ရန် မြေနေရာ၊ ရေ၊ မီးရရှိရေး၊ သွားရေးလာရေး အဆင်ပြေစေရေး စသည့် လိုအပ်ချက်များအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လူမှုရေး ဘာသာရေးအသင်းအဖွဲ့များ၊ ငြိမ်းချမ်းရေးအကျိုးဆောင်များနှင့် ညှိနှိုင်းပေါင်းစပ်ပြီး ကူညီထောက်ပံ့ပေးလျက်ရှိပါသည်။ ထို့ပြင် ၎င်းတို့၏ နေရပ်ပြန်နိုင်ရေးအတွက် မိတ်ဆွေနိုင်ငံအချို့နှင့် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းအချို့ကလည်း တစ်ဖက်တစ်လမ်းမှ ကူညီထောက်ပံ့ပေးနေသည်ကိုမြင်တွေ့ရသည်။

**ငြိမ်းချမ်းရေးတရားခံနှင့် IDPs စခန်းများဖြစ်တည်ခြင်း၏အစ မငြိမ်းချမ်းခြင်း**

ဤပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများ၊ ၎င်းတို့နေထိုင်ရာစခန်းများ ဖြစ်တည်ခြင်း၏ ပင်ရင်းအခြေခံသည် မငြိမ်းချမ်းခြင်း၊ မတည်ငြိမ်ခြင်းက မူလအစ ဖြစ်သည်။ သို့ဖြင့် မတည်ငြိမ်၊ မငြိမ်းချမ်းခြင်း၏ အစကိုကောက်ရလျှင် ငြိမ်းချမ်းရေးကို သစ္စာဖောက်သည့် EAO အချို့ကိုပင် အပြစ်တင်ရပါလိမ့်မည်။ လက်ရှိအခြေအနေတွင် မြွေပူရာ ကင်းမှောင့်ဆိုသလို NUG , PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ၎င်းတို့ကို ကူညီထောက်ပံ့ပြီး ဆူပူအကြမ်းဖက်မှုနှင့် မငြိမ်သက်မှု သက်ဆိုးရှည်အောင် လုပ်နေကြသည့် အချို့ EAO တို့၏ လုပ်ရပ်မှာ စိတ်မချမ်းမြေ့စရာပင် ဖြစ်တော့သည်။ တပ်မတော်ကတော့ ငြိမ်းချမ်းရေးကို အကြိမ်ကြိမ် ဖိတ်ခေါ်နေသည်။

တစ်ဖက်သတ် အပစ်အခတ်ရပ်စဲထားပြီး စေ့စပ်ဆွေးနွေးရေးစားပွဲဝိုင်းဆီ အကြိမ်ကြိမ် ဖိတ်ခေါ်နေသည်မှာ တပ်မတော်ဘက်ကသာ ဖြစ်သည်။ မိမိတို့ မြို့ရွာ၊ တပ်စခန်း၊ ရဲစခန်းများကို ဝင်ရောက်တိုက်ခိုက်ခံရသည့်အခါ ပြန်လည်တုံ့ပြန်တိုက်ခိုက်သည်မှ လွဲ၍ တပ်မတော်ဘက်က စတင်သည့် ထိုးစစ်များမရှိ။ ရှင်းပါသည်၊ ငြိမ်းချမ်းရေး၏ တရားခံမှာ မည်သူနည်း။ တိမ်းရှောင်စခန်းများဖွင့်ထားရခြင်း၊ ပိတ်သိမ်းနိုင်မှုမရှိသေးခြင်း၏ တရားခံမှာ မည်သူနည်း။ တိုင်းရင်းသားအားလုံး လိုချင်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး ကြိုးပမ်းနေသူမှာ မည်သူနည်း။ ဆိုးရွားသည့် ရာဇဝတ်မှုများနှင့် အကြမ်းဖက်ကျူးလွန်နေသူများကား မည်သူနည်း။ အထက်ပါကိစ္စရပ်များအပေါ် တာဝန်ယူတာဝန်ခံမှုများရှိမှသာ ယနေ့ကြုံတွေ့နေရသော အခက်အခဲများ၊ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်မည်ဟု ယုံကြည်သည့်အတွက် ယနေ့နိုင်ငံတော်ကလည်း လူသားချင်း စာနာထောက်ထားမှု အပြည့်အဝဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်သဖွယ် ခံယူဆောင်ရွက်နေခြင်းဖြစ်သည်။

မည်သို့ပင်ဆိုစေ IDPs စခန်းများ ပိတ်သိမ်းပြီး ပြန်လည်နေရာချထားရေး လုပ်ငန်းများသည် လူသားချင်းစာနာမှု အခွင့်အရေးအောက်တွင် စိတ်စေတနာကောင်းဖြင့် မည်မျှကြိုးပမ်းဆောင်ရွက်စေကာမူ စိန်ခေါ်မှုများကား ရှိနေမည်သာဖြစ်သည်။ အဓိကကျသည်က တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးပင်ဖြစ်သည်။ တစ်ဖက်ကလည်း တပ်မတော်အနေဖြင့် ရေရှည်ပဋိပက္ခများကင်းဝေးပြီး တည်မြဲသည့် ငြိမ်းချမ်းရေးကို ရရှိအောင် ကြိုးပမ်းဆောင်ရွက်နေရသည်မှာ အားလုံးအသိပင်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် IDPs နှင့် ယာယီတိုက်ပွဲရှောင် စခန်းများတွင် ရောက်ရှိနေသော တိုင်းရင်းသားပြည်သူများ၏ ဘေးကင်းလုံခြုံရေးအတွက် သာမက လူသားတို့၏ ဂုဏ်သိက္ခာအတွက်ပါ စဉ်းစားဆောင်ရွက်နေရသည်။ အသိပညာပေးမှုများနှင့်အတူ စိတ်ဓာတ်မြှင့်တင်ရေး လုပ်ငန်းများကိုပါ တစ်ပါတည်း ဆောင်ရွက်ကြရသည်။ အရေးအကြီးဆုံးမှာ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ယုံကြည်မှုနည်းနေ၍ မရဘဲ အပြန်အလှန်ယုံကြည်မှုရှိရန်နှင့် နားလည်မှုရှိကြရန်သာ အဓိကဖြစ်သည်။ အခြေခံလိုအပ်ချက်များအတွက် အပြန်အလှန်ဖြည့်ဆည်းပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်သာ ဖြစ်သည်။ သို့မှသာ အိမ်ပြန်ချင်၍ အိမ်ပြန်ရောက်သည့် မိသားစုများ အမှီခိုကင်းကင်းဖြင့် ရေရှည်ဘဝအာမခံချက်ကို ရရှိကြမည်ဖြစ်ပြီး မိမိတို့ရပ်ရွာ တည်ငြိမ်ရေးနှင့် အေးချမ်းသာယာရေးကို အတူတကွ လက်တွဲပါဝင် ပူးပေါင်းဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသည်။ ။

## ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် မေ ၆

မွန်ပြည်နယ် မော်လမြိုင်မြို့ မောင်ငံရပ်ကွက် နတ်မှော်ကျောင်းတိုက်ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယဘဒ္ဒန္တသုမနာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်မြတ်ကြီးသည် သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါအရ ၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၂) ရက်၊ မေ ၅ ရက် သောကြာနေ့၊ မွန်းလွဲ ၁ နာရီခွဲတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်းနှင့် အန္တိမအဂ္ဂိစျာပနကို ၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၄)ရက် မေ ၇ ရက်၊ တနင်္ဂနွေနေ့တွင် ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

### နိုင်ငံတော်ဩဝါဒါစရိယ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ နတ်မှော်ကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တသုမနာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် သဲဖြူကုန်းရွာတွင် ခမည်းတော် ဦးသာဟန် + မယ်တော် ဒေါ်စောနုတို့မှ ၁၂၉၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၀) ရက် သောကြာနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော် လောင်းလျာသည် ၁၃၁၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်နေ့တွင် ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၂) ရက်၊ မော်လမြိုင်မြို့၊ ဈေးကြို ရပ်ကွက်၊ ဥယျာဉ်ခြံကျောင်း ခဏ္ဍသိမ်၌ ဆရာတော် ဘဒ္ဒန္တသီလကို ဥပဇ္ဈာယ်ပြု၍ မော်လမြိုင်မြို့ ဦးဘညွန့် + ဒေါ်မြစိန်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

**ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် သဲဖြူကုန်းကျောင်းဆရာတော်၊ နတ်မှော်ကျောင်းဆရာတော် ဦးဝိဇယ၊ ခရိန်ကျောင်းကြီးဆရာတော် ဦးကုမာရ၊ ဦးပဏ္ဍိစ္စ၊ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဝေဠုဝန်ကျောင်းတိုက်ဆရာတော်၊ ရန်ကုန်မြို့ ဗဟန်း (၃)လမ်း၊ ပွဲစားကြီးကျောင်းဆရာတော် ဦးပညာဓိကာဘိဝံသ၊ ဦးကဝိန္ဒာဘိဝံသ၊ မန္တလေးမြို့ အနောက်ထီးလင်းတိုက် ဗြဟ္မာမင်းစာချကျောင်း ဆရာတော် ဦးစက္ကိန္ဒ၊ မန္တလေးမြို့ ညောင်ရမ်းပါဠိတက္ကသိုလ် ဆရာတော်များထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပြီး ၁၃၂၃ ခုနှစ်တွင် **"သာသနဓဇဓမ္မာစရိယ"**ဘွဲ့ကို ရရှိတော်မူခဲ့သည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ၁၃၄၂ ခုနှစ်မှ ၁၃၇၅ ခုနှစ်အထိ သံဃသမ္မုတိရသံဃာ့ကိုယ်စား လှယ်အဖြစ် လည်းကောင်း၊ ၁၃၄၄ ခုနှစ်မှ ၁၃၆၂ ခုနှစ်အထိ နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်ဆရာတော်အဖြစ် လည်းကောင်း၊ ၁၃၆၃ ခုနှစ်မှ ၁၃၇၅ ခုနှစ်အထိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော်အဖြစ် လည်းကောင်း၊ ၁၃၇၆ ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ် လည်းကောင်း သာသနာ့ တာဝန်များကို ထမ်းဆောင်တော်မူခဲ့သည်။

**ဘွဲ့တံဆိပ်တော်အလှူခံ ရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆောကဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ သာသနဟိတစရဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံ တော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၀၉ ခုနှစ်တွင် **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၈၈) နှစ်၊ သိက္ခာတော်(၆၈)ဝါအရ ၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၂)ရက်၊ မေ ၅ ရက်၊ သောကြာနေ့၊ မွန်းလွဲ ၁ နာရီခွဲတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်းနှင့် အန္တိမအဂ္ဂိစျာပနကို ၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၄) ရက် မေ ၇ ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

# သန့်ရှင်းသာယာသောမြို့၊ ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်

နေပြည်တော် မေ ၆

**ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံးရှိ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရောဆောင်ရွက်လျက်ရှိကြသည်။**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်နှင့် ကွမ်းလုံမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ်လေးမြို့နယ်တို့၌ လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၃ မြို့နယ်တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌ လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာအဆောက်အဦများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိ လူငယ်၊ လူရွယ်များစုစည်း၍ "မြို့ရွာသန့်ရှင်းရေးဂါကင်းစုပေါင်းအမှိုက်ရှင်း" စာသားတံဆိပ်ပါ တူညီဝတ်စုံများဝတ်ဆင်ပြီး အမရပူရမြို့နယ် ဆင်ကြိုရွှေကူ ကပ်ကျော်ဘုရားဝင်းအတွင်း၌ စုပေါင်းအမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများထံမှ အမှိုက်တစ်ပိဿာလျှင် ငွေကျပ် ၁၀၀ ဖြင့် ဝယ်ယူ၍ စနစ်တကျ အမှိုက်စွန့်ပစ်ခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး (၅) အ.လ.က (၂) စုပေါင်းသန့်ရှင်းရေး မဆောင်ရွက်မီနှင့် ဆောင်ရွက်ပြီး မှတ်တမ်းဓာတ်ပုံ။

## ဆိုင်ကလုန်းမုန်တိုင်းဘေး သတိပြုရှောင်ရှားနိုင်ရန် အသိပညာပေးစာစောင်များ ဖြန့်ဝေ

မြိတ် မေ ၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သည် ပင်လယ်ကမ်းရိုးတန်းနှင့် ထိစပ်လျက်ရှိသည့်မြို့ဖြစ်သဖြင့် လက်တလော၌ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက ကြေညာထားသော ဆိုင်ကလုန်းမုန်တိုင်းအား ပြည်သူလူထုများ သတိပြုရှောင်ရှားနိုင်ရန် ရည်ရွယ်ချက်ဖြင့် ယနေ့ နံနက်ပိုင်းက လူစည်ကားရာ ဆိပ်ငယ်ဈေးကြီးတွင် မုန်တိုင်းဘေး၊ ရေဘေးနှင့် လေပြင်းဘေး အသိပညာပေး လက်ကမ်းစာစောင်များကို ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖြန့်ဝေပေးကြသည်။

အသိပညာပေး မုန်တိုင်းဘေး လက်ကမ်းစာစောင်တွင် မုန်တိုင်းအတွက် ကြိုတင်ပြင်ဆင်ရန်အချက်များ၊ မုန်တိုင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရမည့်အချက်များ၊ မုန်တိုင်းဖြစ်ပေါ်နေစဉ် လိုက်နာရမည့်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များ၊ မုန်တိုင်းဖြစ်ပေါ်ပြီးချိန်တွင် လိုက်နာရမည့်အချက်များနှင့် ရှောင်ရှားရမည့်အချက်များ ဖော်ပြပါရှိပြီး ရေဘေးနှင့် လေပြင်းဘေး ပညာပေးလက်ကမ်းစာစောင်တို့တွင် သတိပြုရမည့်အချက်များ၊ ပြုလုပ်ရမည့်အချက်များ၊ လိုက်နာရမည့်အချက်များနှင့် ရှောင်ရှားရမည့်အချက်များ ဖော်ပြပါရှိသည်။

နိုင်ထူး(မြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၅-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၈၀ | ၁၉၃၀ | ၁၉၂၅ | ၁၈၉၀ | ၁၉၂၅ | ၁၉၅၀ | ၁၉၃၅ | ၁၉၁၅ | ၂၀၁၀ | ၂၀၂၅ | ၁၉၂၀ | ၁၉၃၀ | ၁၉၆၅ | ၁၉၆၅ | ၁၉၇၀ | ၂၂၀၀ | ၂၈၁၀ |
| 95 Ron | ၁၉၆၅ | ၂၀၁၅ | ၂၀၁၅ | ၁၉၇၅ | ၂၀၁၅ | ၂၀၄၀ | ၂၀၂၅ | ၂၀၀၀ | ၂၀၀၀ | ၂၀၁၅ | ၂၀၀၅ | ၂၀၂၅ | ၂၀၅၀ | ၂၀၅၅ | ၂၀၅၅ | ၂၂၈၅ | ၂၈၈၅ |
| HSD (500 ppm) | ၁၈၃၀ | ၁၈၈၀ | ၁၈၈၀ | ၁၈၄၀ | ၁၈၈၀ | ၁၉၀၅ | ၁၉၀၀ | ၁၈၆၅ | ၁၉၈၅ | ၁၉၈၀ | ၁၈၇၀ | ၁၈၈၅ | ၁၉၁၅ | ၁၉၂၀ | ၁၉၂၀ | ၂၁၅၀ | ၂၉၀၀ |
| HSD (50 ppm) | ၁၉၁၀ | ၁၉၆၀ | ၁၉၆၀ | ၁၉၂၀ | ၁၉၆၀ | ၁၉၈၅ | ၁၉၈၀ | ၁၉၄၅ | ၂၀၆၅ | ၂၀၆၀ | ၁၉၅၀ | ၁၉၆၅ | ၁၉၉၅ | ၂၀၀၀ | ၂၀၀၀ | ၂၂၃၀ | ၂၉၃၀ |
| HSD (10 ppm) | ၁၉၁၀ | ၁၉၆၀ | ၁၉၆၀ | ၁၉၂၀ | ၁၉၆၀ | ၁၉၈၅ | ၁၉၈၀ | ၁၉၄၅ | ၂၀၆၅ | ၂၀၆၀ | ၁၉၅၀ | ၁၉၆၅ | ၁၉၉၅ | ၂၀၀၀ | ၂၀၀၀ | ၂၂၃၀ | ၂၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၇၉ | ၁၈၄၈ |
| 95 Ron | ၁၈၆၄ | ၁၉၃၄ |
| HSD (500 ppm) | ၁၇၃၇ | ၁၈၀၁ |
| HSD (50 ppm) | ၁၈၁၀ | ၁၈၇၆ |
| HSD (10 ppm) | ၁၈၁၀ | ၁၈၇၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၈၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ဆူဒန်နိုင်ငံရှိ စစ်မက်ဖြစ်ပွားနေသည့် နှစ်ဖွဲ့ကြား ဆွေးနွေးပွဲများစတင်ရန် ဆော်ဒီက ကြားဝင်ဆောင်ရွက်ပေးမည်

**ရီယာ့ဒ် မေ ၆**

ဆူဒန်နိုင်ငံ၌ စစ်မက်ဖြစ်ပွားနေသည့်အဖွဲ့ နှစ်ဖွဲ့မှ ကိုယ်စားလှယ်များကို ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြုလုပ်ရန်အတွက် ဆော်ဒီအာရေဗျက ဖိတ်ခေါ်ထားသည်ဟု သိရသည်။

ဆော်ဒီနိုင်ငံခြားရေးဝန်ကြီး မင်းသား ဖိုင်ဆယ် ဘင်ဖာဟန်အယ်ဆက်ဒ်သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်နှင့် ဆူဒန်အရေး ဖုန်းဖြင့်ဆွေးနွေးခဲ့သည်ဟု မေ ၅ ရက်တွင် ဆော်ဒီအာရေဗျအစိုးရက ကြေညာခဲ့သည်။ ဂျက်ဒါမြို့သို့ ကိုယ်စားလှယ်အဖွဲ့ စေလွှတ်ထားပြီးဖြစ်ကြောင်း ဆူဒန်တပ်ဖွဲ့က ပြောသည်။ စစ်မက်ဖြစ်ပွားနေသည့် အဖွဲ့နှစ်ဖွဲ့လုံးမှ သတင်းအချက်အလက်များ အရ မေ ၆ ရက်တွင် ဆွေးနွေးပွဲစတင်မည်ဟု သိရသည်။

အပစ်အခတ်ရပ်စဲရေးအတွက် သဘောတူညီမှုများ ကြေညာထားသော်လည်း ဆူဒန်တွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ ဧပြီ ၁၅ ရက် ဆူဒန်တွင် တိုက်ပွဲများ စတင်ဖြစ်ပွားသည့်အချိန်မှ စတင်ကာ လူပေါင်း ၅၅၀ သေဆုံးပြီးဖြစ်ကြောင်း ဆူဒန်ကျန်းမာရေးအာဏာပိုင်များက ပြောသည်။ ဆော်ဒီအာရေဗျသည် ဆူဒန်နိုင်ငံအပေါ် လွှမ်းမိုးမှုရှိမည်ဟု ယူဆရသည်။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲပြုလုပ်ခြင်းဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပြဿနာများ ဖြစ်လာနိုင်သည်ဟူသော စိုးရိမ်မှုကို ဖြေလျှော့ပေးနိုင်သည်ဟု လေ့လာသူများက ပြောသည်။

**အင်န်အိတ်ချ်ကေ**



ဆူဒန်နိုင်ငံ ခါတွန်မြို့၌ တိုက်ပွဲကြောင့် မီးခိုးများ လွင့်တက်လာသည်ကို တွေ့ရစဉ်။

# အာဖဂန်နစ္စတန်၌ မိုးသက်မုန်တိုင်းနှင့် ရေကြီးမှုတို့ကြောင့် လေးဦး သေဆုံးပြီး ၂၅ ဦး ဒဏ်ရာရ

**ဂျလာလာဘတ် မေ ၆**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း နန်ဂါဟာပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် လေးဦး သေဆုံးကာ ၂၅ ဦး ဒဏ်ရာရခဲ့ကြောင်း ပြည်နယ်အစိုးရက မေ ၆ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ပြည်နယ်အတွင်း မေ ၅ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရုတ်တရက်ရေကြီးကာ ကလေးငယ် သုံးဦးအပါအဝင် လူလေးဦး သေဆုံးခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ရေကြီးရေလျှံမှုများကြောင့် အိမ်ခြေ ၃၀၀ ခန့် ဆိုးရွားစွာ ပျက်စီးခဲ့ရပြီး လယ်မြေကေထောင်ပေါင်း များစွာလည်း ပျက်စီးခဲ့ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တစ်ချိန်တည်းတွင် လေပြင်းတိုက်ခတ်မှုကြောင့် ဘတ်ခ်ပြည်နယ်မြောက်ပိုင်း၊ ဆန်မန်ဂန်၊ တာခန်၊ ကွန်ဒက်နှင့် ဘတ်ဂလန်ပြည်နယ်များရှိ ဥယျာဉ်များနှင့် သီးပင်စားပင်များလည်း ပျက်စီးခဲ့သည်။

လာမည့် ရက်များအတွင်း နိုင်ငံ၏ ပြည်နယ် ၃၄ ခုအနက် ၁၈ ခုတွင် မိုးရွာသွန်းမှုနှင့် ရေကြီးမှု ပိုများလာနိုင်ကြောင်း အာဖဂန်နစ္စတန်နိုင်ငံ မိုးလေဝသဌာနက ခန့်မှန်းထားသည်။ **ဆင်ဟွာ**



အာဖဂန်နစ္စတန်နိုင်ငံ နန်ဂါဟာပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုကြောင့် အဆောက်အအုံ ပျက်စီးနေမှုကို တွေ့ရစဉ်။

# ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံမှု ဆက်လက်ခံယူရန် ဘရာဇီးသမ္မတ တိုက်တွန်း

**ရီယိုဒီဂျနေးရိုး မေ ၆**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကိုဗစ်-၁၉မှာ အပြည်ပြည်ဆိုင်ရာမှ စိုးရိမ်ရသည့် ပြည်သူ့အရေးပေါ် ကျန်းမာရေးအခြေအနေမဟုတ်တော့ဟု ကြေညာထားသော်လည်း ဘရာဇီးပြည်သူများအနေဖြင့် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံမှု ဆက်လက်ခံယူရန်အတွက် ဘရာဇီးသမ္မတ လူအီးဇ်အန်နာစီယို လူလာဒါဆေးလ်ဗားက မေ ၅ ရက်တွင် တိုက်တွန်းပြောကြားခဲ့သည်။

အရေးပေါ်အခြေအနေကာလ ပြီးဆုံးသွားပြီဖြစ်သော်လည်း ကပ်ရောဂါကြီးမှာ အဆုံးသတ်သွားခြင်းမရှိသေးချေ။ ထို့ကြောင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံပြီး ကာကွယ်ဆေးထိုးနှံမှုခံယူရမည့်အချိန်အတိုင်း ပြီးစီးအောင်ထိုးနှံကြရန် ၎င်းက တိုက်တွန်းထားသည်။ သုံးနှစ်ကြာပြီးနောက် ကိုဗစ် -၁၉ အရေးပေါ်အခြေအနေမှ လွတ်မြောက်လာခဲ့ပြီဟု ၎င်းကပြောသည်။

သို့သော်လည်း ကံမကောင်းစွာပင် ဘရာဇီး၌ ကိုဗစ်-၁၉ကြောင့် လူပေါင်း ၇၀၀၀၀၀ ကျော် သေဆုံးခဲ့ရသည်။ ကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ ဘရာဇီးတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၇၀၁၄၉၄ ဦးရှိသည်ဟု သိရသည်။ လက်ရှိအစိုးရသည် ပြည်သူများ၏ အသက်ဘေးကို ကာကွယ်စောင့်ရှောက်သွားမည်ဟုလည်း သမ္မတက ပြောသည်။

**ဆင်ဟွာ**


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ဖြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၆-၅-၂၀၂၃

**ရွှေ**

| | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် | ၂၄၁၅၁၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် | ၂၄၀၃၃၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၅၀ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၄၀ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၈၀၅ ကျပ် | ၁၈၅၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၈၈၅ ကျပ် | ၁၉၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၈၇၅ ကျပ် | ၁၉၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၉၄၅ ကျပ် | ၁၉၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၃၁၅ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၈၅ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၂ . ၂၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၆၄ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၃ . ၂၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၃ . ၈၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၆၉၆ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၁၀၀ | ၈၁၀၀ | ၃၉၃ | ၃၁၈၃၃၀၀ |
| MTSH | ၂၈၀၀ | ၂၈၅၀ | ၃၈၉၇ | ၁၀၉၇၀၁၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၄၅၀ | ၁၅၀၀ | ၈၃၆ | ၁၂၅၂၂၀၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၃၃၂ | ၈၃၀၀၀၀ |
| EFR | ၂၅၅၀ | ၂၅၅၀ | ၃၀ | ၇၆၅၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

# ဆီးဂိမ်း ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ပေါက်စ ကွာတားဖိုင်နယ်မှ စတင်ကစားရမည်

**ရန်ကုန် မေ ၆**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ ဘိလိယက် တစ်ဦးချင်းပြိုင်ပွဲတွင် လက်ရှိချန်ပီယံ မြန်မာ့လက်ရွေးစင် ဘိလိယက်ကစားသမား ပေါက်စသည် ကွာတားဖိုင်နယ်အဆင့်မှ စတင်ကစားရမည်ဖြစ်သည်။

ဘိလိယက် တစ်ဦးချင်းပြိုင်ပွဲတွင် ကစားသမား ၁၀ ဦး ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ပြီး ပေါက်စအပါအဝင် ကစားသမား ခြောက်ဦးမှာ ကွာတားဖိုင်နယ်မှ စတင် ကစားရမည်ဖြစ်ကာ ကျန်လေးဦးမှာမူ ပထမအဆင့်မှ စတင် ကစားရမည်ဖြစ်သည်။ ပေါက်စသည် ကွာတားဖိုင်နယ်တွင် အိမ်ရှင်ကမ္ဘောဒီးယားနိုင်ငံသား အိုရာနီနှင့် ဗီယက်နမ်နိုင်ငံသား ဘင်ငုယင်သန်ပွဲမှ အနိုင်ရသူနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဘိလိယက်အားကစားနည်းတွင် တစ်ဦးချင်းပြိုင်ပွဲ တစ်မျိုးသာ ပါဝင်မည်ဖြစ်ပြီး နာမည်ကြီး ကစားသမားများဖြစ်သည့် ပီတာဂေးလ်ခရစ် (စင်ကာပူ) နှင့် ပရာပွတ်(ထိုင်း) တို့လည်း ယှဉ်ပြိုင်မည်ဖြစ်သည်။ ဘိလိယက် တစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ကစားသမားနှစ်ဦး ယှဉ်ပြိုင်မည်ဖြစ်ပြီး ဇော်သန်း ထိုက်မှာမူ ထိုင်းနိုင်ငံသား ပရာပွတ်နှင့် ကွာတားဖိုင်နယ်တွင် စတင် ကစားရမည်ဖြစ်သည်။ ပေါက်စ၏ ဗိုလ်လုပွဲ သွားရာလမ်းကြောင်းတွင် ဆီမီးဖိုင်နယ်အထိ နာမည်ကြီး ကစားသမားများနှင့် တွေ့ဆုံဖွယ်မရှိဘဲ ပရာပွတ်နှင့် ပီတာဂေးလ်ခရစ် တက်ရောက်လာပါကလည်း ဗိုလ်လုပွဲမှသာ တွေ့ဆုံ နိုင်ဖွယ်ရှိနေသည်။ ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲကို မေ ၇ ရက် **(ယနေ့)** စတင်ကျင်းပမည်ဖြစ်သည်။

ပေါက်စသည် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဘိလိယက်တစ်ဦးချင်း ရွှေတံဆိပ် ရယူနိုင်ခဲ့ပြီး စင်ကာပူနိုင်ငံသား ပီတာဂေးလ်ခရစ် ခြောက်ကြိမ်ဆက်တိုက် ရွှေတံဆိပ်ရယူထားမှုကို အဆုံးသတ်ကာ ဗိုလ်လုပွဲတွင် အနိုင်ယူပြီး ထိုက်ထိုက်တန်တန် ချန်ပီယံဖြစ်ခဲ့ခြင်းဖြစ်သည်။ **ရဲရင့်လွင်**

# ချန်ပီယံဖြစ်ရေးအမှားခံလို့မရတဲ့ အာဆင်နယ်ကို ခြေစွမ်းထက်တဲ့ကာဆယ် ကျော်ဖြတ်သွားနိုင်မလား

ယခုတစ်ပတ် တနင်္ဂနွေနေ့မှာ ပရီမီယာလိဂ်ပွဲစဉ် (၃၅) ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပါတယ်။ မေ ၇ ရက် ည ၁၀ နာရီမှာ နယူးကာဆယ်နှင့် အာဆင်နယ် ယှဉ်ပြိုင်မှာပါ။ ခြေစွမ်းထက်မြက်မှုရှိတဲ့ အသင်းနှစ်သင်း တွေ့ဆုံမှုဖြစ်ပေမယ့် အမှတ်ပေးဖလားဆွတ်ခူးရေး အမှားခံလို့မရတော့တဲ့ အာဆင်နယ်ကို ကာဆယ်အသင်း ကျော်ဖြတ်ဖို့ခက်မယ်။ အပြန်အလှန်သွင်းဂိုးတွေ မြင်တွေ့ရပြီး အာဆင်နယ် အနိုင်ရဖွယ်ရှိတယ်။

မေ ၈ ရက် နံနက် ၀၀:၃၀ နာရီမှာဝက်စ်ဟမ်းနှင့် မန်ယူတွေ့ဆုံနေပြီး တန်းဆင်းဇုန်ဖိအားက လွတ်မြောက်ဖို့ ကြိုးစားလာမယ့် ဝက်စ်ဟမ်းကို အဆင့် (၄) အတွင်း ပြတ်သားတဲ့ ရလဒ်နဲ့ ဆက်လက်ရပ်တည်ဖို့ အနိုင်ရရှိရေး ဦးတည်လာမယ့် မန်ယူအသင်းအနေနဲ့ ခက်ခက်ခဲခဲကစားပြီး အနိုင်ရဖွယ်ရှိတယ်။

မေ ၈ ရက် ည ၈ နာရီခွဲ ဖူလ်ဟမ်နှင့် လက်စတာပွဲမှာ နိုင်ပွဲရှာတွေ့ဖို့ ကြိုးစားလာမယ့် ဖူလ်ဟမ်ထက် မဖြစ်မနေနိုင်ပွဲရဖို့ လိုအပ်နေတဲ့ လက်စတာ အသာရမယ်။

ည ၁၁ နာရီမှာ ဘရိုက်တန်နှင့် အဲဗာတန်ယှဉ်ပြိုင်မှာဖြစ်ပြီး အဲဗာတန်က ဒီပွဲစဉ်ရှုံးရင် တန်းဆင်းရမယ့်အရေးနဲ့ ပိုမိုနီးစပ်သွားမှာဖြစ်တာကြောင့် ဘရိုက်တန်ကို အနိုင်ရရှိမှသာ ဖိအားအနည်းငယ် လျှော့ချနိုင်မှာဖြစ်တယ်။ **အောင်ဇော်**



○ *ကျောဖုံးမှ*

နှစ်ဦးစလုံး လက်သီးချက်များဖြင့် အဓိကထိုးသတ်ခဲ့ပြီး နှစ်ဦးစလုံး အထိနာစေခဲ့သည်။ အောင်လအန်ဆန်၏ ညာဝိုက်လက်သီးကြောင့် ဖန်ယုံ၏ ဘယ်ဘက်မျက်လုံးနား ကွဲထွက်ပြီး သွေးထွက်ခဲ့ရသည်။ ဒုတိယအချီအစတွင် ဖန်ယုံက လက်သီးချက်များဖြင့် ဆက်တိုက်ထိုးသတ်ခဲ့ရာ အောင်လအန်ဆန် ဟန်ချက်ပျက်သွားခဲ့ရသည်။ ယင်းအချိန်တွင် ဖန်ယုံက အောင်လအန်ဆန်ကို ဝင်ချုပ်ရန် ကြိုးစားရာ ၎င်းမျှော်မှန်းထားသည့်အတိုင်း ချုပ်နိုင်ခြင်းမရှိဘဲ အောင်လအန်ဆန်၏ ချုပ်ကွက်ပြန်မိသွားခဲ့သည်။ အောင်လအန်ဆန်သည် ဖန်ယုံ၏ လည်ပင်းကိုချုပ်ခဲ့ပြီး ပွဲသိမ်းနိုင်ခဲ့သည်။ အောင်လအန်ဆန်သည် စိန်ခေါ်ပွဲ သုံးပွဲဆက်တိုက်အနိုင်ရခဲ့သဖြင့် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ပြန်လည်စိန်ခေါ်ခွင့်ရဖွယ်ရှိနေသည်။ သို့သော် ONE Championship နှင့် အောင်လအန်ဆန်တို့ ချုပ်ဆိုထားသောစာချုပ်မှာ ယခုပွဲနောက်ဆုံးပွဲဖြစ်ပြီး စာချုပ်သက်တမ်းတိုးဖြစ်မှသာ အောင်လအန်ဆန်အနေဖြင့် ချန်ပီယံစိန်ခေါ်ပွဲ ထိုးသတ်ခွင့်ရဖွယ်ရှိနေသည်။ အောင်လအန်ဆန်သည် ယခုနှစ်အတွင်း ထိုးသတ်သည့် နှစ်ပွဲစလုံး အနိုင်ရရှိထားသည်။

Main Event အဖြစ်ကျင်းပသည့် ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲတွင် လက်ရှိချန်ပီယံ အမေရိကန်နိုင်ငံသား ဂျွန်ဆင်က စိန်ခေါ်သူ ဘရာဇီးနိုင်ငံသား အက်ဒရီယာနိုကို အမှတ်ဖြင့်အနိုင်ယူကာ ချန်ပီယံဘွဲ့ကာကွယ်နိုင်ခဲ့သည်။ Co–Main Event ပွဲစဉ်များအနက် မွေထိုင်းဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲတွင် လက်ရှိချန်ပီယံ ထိုင်းနိုင်ငံသား ရော့ထောင်းက စိန်ခေါ်သူ မက္ကဆီကိုနိုင်ငံသား အက်ဂါကို ဒုတိယအချီတွင်လည်းကောင်း၊ ဖလိုင်းဝိတ်တန်း Submission Grappling ကမ္ဘာ့ချန်ပီယံလုပွဲတွင် လက်ရှိချန်ပီယံ အမေရိကန်နိုင်ငံသား မစ်ကီက စိန်ခေါ်သူ ယီမင်နိုင်ငံသား ရာဆာမက်ကို ပထမအချီတွင်လည်းကောင်း အနိုင်ရရှိခဲ့သည်။ **ရဲရင့်လွင် ၊ ဓာတ်ပုံ – ONE Championship**

❑ *ကျောဖုံးမှ*

ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်း) အဖြစ်သို့ အားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ သချ်ာပုံစံပြု မော်ဒယ်များ၏ ခန့်မှန်းချက်များအရ မြစ်ဝကျွန်းပေါ်ဒေသနှင့် ရခိုင်ကမ်းရိုးတန်းအနီးသို့ ရောက်ရှိနိုင်ပါသဖြင့် မေ ၉ ရက်မှ မေ ၁၄ ရက်အထိ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၈၀ မှ မိုင် ၉၀ ခန့်အထိ တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းရသည်။

ယခုအချိန်တွင် မုန်တိုင်းစတင်အစပျိုးခြင်း မရှိသေးပါသဖြင့် ခန့်မှန်းချက်များအားလုံးသည် တိုင်းထွာသည့် အချိန်၊ အသုံးပြုသည့် Data နှင့် ခန့်မှန်းတွက်ချက်သည့် မော်ဒယ်တို့အပေါ်မူတည်၍ မုန်တိုင်းရွေ့လျားမည့်လမ်းကြောင်း အမျိုးမျိုးပြောင်းလဲနေပါသည်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် အချိန်နှင့်တစ်ပြေးညီတွက်ချက်ရရှိသည့် ခန့်မှန်းချက်များကို ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။

**အကြံပြုချက်**

အဆိုပါဖြစ်ပေါ်လာနိုင်သည့် ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်သူလူထုအနေဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ချက်များကို စောင့်ကြည့်၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်သွားနိုင်ရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ကမ်းဝေး၊ ကမ်းနီးငါးဖမ်းရေယာဉ်များ မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန် ရာသီဥတုခိုလှုံရာနေရာများသတ်မှတ်ထား

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေး ငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများအား ရာသီဥတုခိုလှုံရာ နေရာများအဖြစ် သတ်မှတ်ထားရှိပါသည်–

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

( ခ ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

( ဂ ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

( င ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြူချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

( စ ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သင်္ဘောဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

( ဇ ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

( ဋ ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

( ဌ ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

( ဍ ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ လောင်းလုံးဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

( ဎ ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာ နေရာသတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကိုအကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# လယ်ဝေးမြို့နယ် အောင်မြင်ကုန်းကျေးရွာရှိ လေဘေးသင့်ပြည်သူများ ထောက်ပံ့ရေးစခန်းသို့ သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် မေ ၆

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် အောင်မြင်ကုန်းကျေးရွာရှိ လေဘေးသင့်ပြည်သူများ ထောက်ပံ့ရေးစခန်းသို့ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တာဝန်ရှိသူများက သွားရောက်၍ ကြည့်ရှုအားပေးပြီး အဆိုပါထောက်ပံ့ရေးစခန်းတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်နေမှုနှင့်ပတ်သက်၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက အောင်မြင်ကုန်းရွာဦးကျောင်းတိုက်၊ စာသင်ကျောင်းနှင့် လူနေအိမ်များ ဆောက်လုပ်ပြီးစီးမှုနှင့် ဆောက်လုပ်ပေးနေမှု၊ ကျေးရွာအတွင်း လျှပ်စစ်မီးနှင့် သောက်သုံးရေရရှိအောင် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လေဘေးသင့်ပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၉)၊ နန္ဒဝန်ရပ်၊ အကွက်အမှတ် (၆၆၈)၊ ဦးပိုင်အမှတ် (အန်- ၁၁)၊ မြေဧရိယာ (၉၀ပေ၊ ၁၂၀ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်များဖြစ်သည့်(၉-၃-၁၉၈၅)ရက်နေ့စွဲဖြင့် ဦးရာမင်းထံမှ ဒေါ်မြသန်းသို့လည်းကောင်း၊ (၁၀-၅-၂၀၁၁) ရက်နေ့စွဲဖြင့် ဒေါ်မြသန်းမှ ဦးထွန်းတင့်လွင်သို့လည်းကောင်း၊ (၂၅-၄-၂၀၁၃)ရက်နေ့စွဲဖြင့် ဦးထွန်းတင့်လွင်မှ ဦးထင်အောင်သို့လည်းကောင်း ဆက်စပ်(အရပ်ကတိစာချုပ်များ)ဖြင့် ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးထင်အောင်(ဘ)ဦးခင်စိုး ၁၂/ဒဂန(နိုင်)၀၁၆၀၉၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းဝင်းခိုင် ၉/ပသက(နိုင်)၀၆၈၀၇၄ က အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ကို ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ -
ဒေါ်သန်းသန်းလှ
၁၄/ပတန(နိုင်)၁၇၅၈၉၆

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးအောင်သီဟ(LL.B)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၅၁၈၆/၂၀၁၈)

ဦးရန်ရှင်းအောင်(LL.B)
အထက်တန်းရှေ့နေ
(စဉ်- ၅၄၅၅၆/၂၀၂၁)

အမှတ်(၂၈)၊ပိတောက်လမ်း၊ ကွက်ပြင်(၃)မြောက်၊ ယူဂိုဆလပ်၊
ရပ်ကွက်ကြီး (၁)၊ ပြင်ဦးလွင်မြို့။ ၀၉-၄၃၂၀၁၇၆၁၊ ၀၉-၇၈၄၃၂၀၁၇၆

## ဦးပိုင်အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ထားဝယ်မြို့၊ တံငါ/ဒေါင်းငူရပ်ကွက်၊ အကွက်အမှတ်(၄၇)၊ အကွက်အမည်-တံငါ/ဒေါင်းငူ၊ ဦးပိုင်အမှတ် (၇၄-က)၊ မြေဧရိယာ ၀ ဒသမ ၀၂၉ ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က)အရှေ့လားသော် - ဦးပိုင်အမှတ်(၇၃)၊(၇၂)
(ခ) အနောက်လားသော် - မဟာဒေဝီလမ်း
(ဂ) တောင်လားသော် - ဦးပိုင်အမှတ်(၇၁)
(ဃ)မြောက်လားသော် - ဦးပိုင်အမှတ်(၇၄/၁)၊(၇၆)

အထက်ဖော်ပြပါ မြေကို ဦးပိုင်အမည်ပြောင်းပေးရန် ဦးမျိုးမင်းလတ်ပါ(၂)ဦးမှ လျှောက်ထားလာသည့်အတွက် ယင်း၏ အမည်ကို ပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့ မတိုင်မီ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
ထားဝယ်မြို့

## အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ ပန်းတောရိုးကျေးရွာအုပ်စု၊ ရွာသစ်ကုန်းကျေးရွာနေ (ဘ)ဦးမြဝင်း-အမိ ဒေါ်သန်းမြတို့၏သားဖြစ်သူ မောင်မျိုးညီမိမ်း ၁၄/ကကန(နိုင်)၀၈၈၇၅၃ သည် မိဘများ၏ ဆိုဆုံးမမှုများကို မနာခံဘဲ မိဘများကို အကြိမ်ကြိမ်စိတ်ဆင်းရဲသောကဖြစ်အောင် ပြုမူဆောင်ရွက်နေပါသောကြောင့် ၎င်းအား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ- ဦးမြဝင်းနှင့် ဒေါ်သန်းမြတို့၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြဝင်း ဦးရဲကျော်ထွန်း (LL.B)
၁၄/ကကန(နိုင်)၀၇၂၂၃၀ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၂၇/၁၆-၁-၂၀၁၈)
ဒေါ်သန်းမြ အမှတ် (၃၂)၊ မင်းလမ်း (၂)ရပ်ကွက်၊
၁၄/ကကန(နိုင်)၀၂၃၉၂၅ ကျောင်းကုန်းမြို့၊ ဖုန်း-၀၉-၄၂၂၄၆၆၅၃၆

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/87394, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုချိုပြုံး ၁၂/မဂတ(နိုင်)၀၂၃၀၈၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ဃ/၅၀၀၈၇ ယာဉ်လက်ဝယ်ရှိသူ ဦးရဲမင်းကျော် ၃/လဘန(နိုင်)၂၀၉၁၇၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ပြည်နယ်ရုံး(မော်လမြိုင်မြို့)

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၆

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကရင်ပြည်နယ် မြဝတီမြို့နယ် အမှတ်(၁)ရပ်ကွက်နေသူများဖြစ်ကြသည့် အောင်သူ(ခ)တိုက်ဂါး(ခ)စောစိုင်းလေးနှင့် ချယ်ရီအောင် တို့သည် ၎င်းတို့အသုံးပြုသည့် “လွမ်းချစ်သူချစ်သူလွမ်း” Facebook အကောင့်နှင့် “Tiger ရဲ့ မားမား” Tiktok အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ရွှေဘုံသာကျေးရွာနေ လှလှနွယ်သည် ၎င်းအသုံးပြုသည့် “ဒေါင်းနီမလေး” Tiktok အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဇရပ်ဖြူကျေးရွာနေ သူရိန်ထွန်းသည် ၎င်းအသုံးပြုသည့် “Thu Rein Htun Art” Facebook အကောင့်၊ တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၄)ရပ်ကွက်နေ ရာဇာဖြိုးဝေ(ခ)အာဝါးသည် ၎င်းအသုံးပြုသည့် “Yazar Phyo Wai” Facebook အကောင့်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် အမှတ်(၁)ရပ်ကွက်နေ သိန်းဇော်သည် ၎င်းအသုံးပြုသည့် “Thein Zaw” Facebook အကောင့်တို့ဖြင့် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ◆ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊
- ◆ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ◆ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ◆ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ◆ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ◆ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ◆ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ◆ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ◆ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ◆ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာ ငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များတွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက် သင်တန်းသားသစ်များ ခေါ်ယူခြင်း

၁။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များ တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများ (အထက(၂) မိုးညှင်း၊ အထက(၂) ကော့ကရိတ်၊ အထက(၂) ဟားခါး၊ အထက(၁) ရွှေဘို၊ အထက-အုန်းတော၊ အထက-အုန်းနဲ့၊ အထက-အေးမြသာယာ၊ အထက-စကု၊ အထက-ပြလို့၊ အထက-သရက်၊ အထက(၁) ပျော်ဘွယ်၊ အထက-လက်ပံပြား၊ အထက-ရွှေပြည်၊ အထက-ဟံဂံ၊ အထက(၁) သထုံ၊ အထက(၂) သံတွဲ၊ အထက(၁) အမ်း၊ အထက-စိုက်မွေး၊ အထက-ညောင်နှစ်ပင်၊ အထက-ငါးဆူတောင်၊ အထက(၃) ကျောက်မဲ၊ အထက(၁) ဒေးဒရဲ၊ အထက-ချင်းမြောင်၊ အထက(၂၀) ပုဗ္ဗသီရိ၊ အထက(ခွဲ) ပေါင်လင်း၊ အထက-မန်တုံ၊ အထက(၂) လောက်ကိုင်၊ အထက-ကျုံး၊ အထက-နန်းယွန်း) (၂၉) ကျောင်း နှင့် အစိုးရနည်းပညာ အထက်တန်းကျောင်းများ (မြစ်ကြီးနား၊ ဗန်းမော်၊ လှိုင်ကော်၊ ဘားအံ၊ ပလက်ဝ၊ မုံရွာ၊ ထားဝယ်၊ မြိတ်၊ တောင်ငူ၊ ပြည်၊ မကွေး၊ ကျောက်ဆည်၊ မိတ္ထီလာ၊ စစ်တွေ၊ လက်ခုပ်ကုန်း၊ လားရှိုး၊ တောင်ကြီး၊ ကျိုင်းတုံ၊ ပုသိမ်၊ မအူပင်၊ နေပြည်တော်၊ လဟယ်၊ ပူတာအို၊ တီးတိန်၊ ခန္တီး၊ ကလေး၊ ချောင်းဦး၊ ကော့သောင်း၊ ပခုက္ကူ၊ မန္တလေး၊ မြင်းခြံ၊ မော်လမြိုင်၊ ရွာမ၊ ပင်လုံ၊ ပင်းပက်၊ ဟသ်ာတ) (၃၆)ကျောင်း စုစုပေါင်း (၆၅)ကျောင်းတို့တွင် သင်တန်းသားသစ်များ ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ်တွင် အခြေခံပညာ အလယ်တန်းအဆင့် (Grade 9) အောင်မြင်သူ ဖြစ်ရမည်။

(ခ) နည်းပညာနှင့် သက်မွေးပညာလုပ်ငန်းသဘာဝအရ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့လုပ်ငန်းနှင့် စက်ရုံ/ ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။

၃။ (၃)နှစ်သင်တန်းတွင် အဆင့်မီဖြင့်အောင်မြင်ပါက A.G.T.I ပထမနှစ်သင်တန်းသို့လည်းကောင်း၊ အထူးအောင်ဖြင့်အောင်မြင်ပါက B.Tech ပထမနှစ်သင်တန်းနှင့် BE ပထမနှစ်သင်တန်းသို့ လည်းကောင်း သက်ဆိုင်ရာကျောင်းများ၏ ဝင်ခွင့်ရွေးချယ်ရေးမူများအတိုင်း လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၄။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များ တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်မည်ဖြစ်ပြီး သင်ကြားသင်ယူမှုအတွက် လိုအပ်သည့် ပုံနှိပ်စာအုပ်များနှင့် စာရေးကိရိယာများ ပေးအပ်မည့် အစီအစဉ်ရှိပါသည်။

**ဖွင့်လှစ်မည့် သင်တန်းများ**

၅။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များ တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများတွင် အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည်-

(က) အဆောက်အဦနည်းပညာသင်တန်း (Building Technology)

(ခ) လျှပ်စစ်နည်းပညာသင်တန်း (Electrical Technology)

(ဂ) စက်ပစ္စည်း အစိတ်အပိုင်းများ ထုတ်လုပ်ခြင်း နည်းပညာသင်တန်း (Machining Technology)

၆။ အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည်-

(က) အဆောက်အဦနည်းပညာသင်တန်း (Building Technology)

(ခ) အီလက်ထရွန်နစ်နည်းပညာသင်တန်း (Electronics Technology)

(ဂ) လျှပ်စစ်နည်းပညာသင်တန်း (Electrical Technology)

(ဃ) မော်တော်ယာဉ်နည်းပညာသင်တန်း (Automotive Technology)

(င) စက်ပစ္စည်း အစိတ်အပိုင်းများ ထုတ်လုပ်ခြင်း နည်းပညာသင်တန်း (Machining Technology)

(စ) အဆောက်အဦပြုပြင်ထိန်းသိမ်းမှုနည်းပညာသင်တန်း (Building Service Technology)

(ဆ) သတ္တုပစ္စည်းထုတ်လုပ်မှုနည်းပညာသင်တန်း (Metal Process Technology)

(ဇ) သုတနည်းပညာသင်တန်း (Information Technology)

၇။ ကျောင်းဝင်ခွင့်လျှောက်လွှာများကို စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များ တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ၅-၅-၂၀၂၃ ရက်မှ စတင်ထုတ်ယူနိုင်ပြီး ၁၈-၅-၂၀၂၃ ရက် နောက်ဆုံးထား၍ မိမိတို့တက်ရောက်လိုသည့် ကျောင်းများသို့ လျှောက်လွှာတင်သွင်းရမည်ဖြစ်သည်။

၈။ အသေးစိတ်သိရှိလိုပါက အပိုဒ်(၁)ပါ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များ တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများနှင့် သင်တန်းရေးရာဌာနခွဲ၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန(ရုံးချုပ်)၊ ၀၆၇-၃၄၀၄၃၉၀၊ ၀၆၇-၃၄၀၄၁၈၂ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၇ဃ/၇၃၈၄၈, TVS DA77 CW 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်နိုင်ဦး ၇/သကန(နိုင်)၀၇၂၄၀၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)၊ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ဃ/၅၆၈၂၀, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောသက်ပိုင်စိုး ၇/ညလပ(နိုင်)၂၀၇၀၃၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)၊ပြည်မြို့**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များ တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများအတွက် သင်တန်းသားသစ်များ ခေါ်ယူခြင်း

၁။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များ တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများ အထက(၂) မိုးညှင်း၊ အထက(၂) ကော့ကရိတ်၊ အထက(၂) ဟားခါး၊ အထက(၁) ရွှေဘို၊ အထက-အုန်းတော၊ အထက-အုန်းနဲ့၊ အထက-အေးမြသာယာ၊ အထက-စကု၊ အထက-ပြလို့၊ အထက-သရက်၊ အထက(၁)ပျော်ဘွယ်၊ အထက-လက်ပံပြား၊ အထက-ရွှေပြည်၊ အထက-ဟံဂံ၊ အထက(၁)သထုံ၊ အထက(၂)သံတွဲ၊ အထက(၁)အမ်း၊ အထက-စိုက်မွေး၊ အထက-ညောင်နှစ်ပင်၊ အထက-ငါးဆူတောင်၊ အထက(၃) ကျောက်မဲ၊ အထက(၁)ဒေးဒရဲ၊ အထက-ချင်းမြောင်၊ အထက (၂၀)ပုဗ္ဗသီရိ၊ အထက(ခွဲ) ပေါင်လင်း၊ အထက-မန်တုံ၊ အထက(၂)လောက်ကိုင်၊ အထက-ကျုံး၊ အထက-နန်းယွန်း (၂၉)ကျောင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များ တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများ အထက(၁) ဝိုင်းမော်၊ အထက(၁)ဗန်းမော်၊ အထက-ချီကယ်၊ အထက-ဒုံရင်း၊ အထက(၁) ပလက်ဝ၊ အထက (၂) အလုံ၊ အထက-သမုတ်၊ အထက (၄) ထားဝယ်၊ အထက-ညောင်ခြေထောက်၊ အထက-ရွှေတောင်၊ အထက-မြေပြင်သာ၊ အထက(၆) မိတ္ထီလာ၊ အထက-မြစ်သား၊ အထက(၁)စစ်တွေ၊ အထက-သဝန်းတော၊ အထက(၁)အေးသာယာ၊ အထက (၁) လားရှိုး၊ အထက-ဝမ်အွယ်၊ အထက-စကြော့၊ အထက-ကန်ကြီးထောင့်၊ အထက (၁) ပျဉ်းမနား၊ အထက-လဟယ် (၂၂)ကျောင်း စုစုပေါင်း (၅၁) ကျောင်းတို့တွင် သင်တန်းသားသစ်များ ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းအဆင့် (Grade 9) အောင်မြင်သူ ဖြစ်ရမည်။

(ခ) လက်တွေ့လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၃။ စိုက်ပျိုးရေးအတတ်ပညာ (၃)နှစ်သင်တန်းတွင် အဆင့်မီဖြင့်အောင်မြင်ပါက စိုက်ပျိုးရေးသိပ္ပံ/အစိုးရစက်မှုလက်မှုသိပ္ပံ (Farm Machinery) ပထမနှစ်သင်တန်းများသို့ လည်းကောင်း၊ အထူးအောင်ဖြင့် အောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပထမနှစ်သင်တန်းသို့ လည်းကောင်း၊ မွေးမြူရေး အတတ်ပညာ (၃)နှစ်သင်တန်းတွင် အဆင့်မီဖြင့်အောင်မြင်ပါက စိုက်ပျိုးရေးသိပ္ပံ/ ငါးလုပ်ငန်းသိပ္ပံကျောင်းများ၏ ပထမနှစ်သင်တန်းသို့ လည်းကောင်း၊ အထူးအောင်ဖြင့် အောင်မြင်ပါက မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ပထမနှစ်သင်တန်းသို့ လည်းကောင်း သက်ဆိုင်ရာကျောင်းများ၏ ဝင်ခွင့်ရွေးချယ်ရေးမူများအတိုင်း လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၄။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များ တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်မည်ဖြစ်ပြီး သင်ကြားသင်ယူမှုအတွက် လိုအပ်သည့်ပုံနှိပ်စာအုပ်များ ပေးအပ်မည့် အစီအစဉ် ရှိပါသည်။

**ဖွင့်လှစ်မည့် သင်တန်းများ**

၅။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များတွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများတွင် အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည်-

(က) စိုက်ပျိုးရေးသင်တန်း

(ခ) မွေးမြူရေးသင်တန်း

၆။ ကျောင်းဝင်ခွင့်လျှောက်လွှာများကို စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များ တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများတွင် ၅-၅-၂၀၂၃ ရက်မှ စတင်ထုတ်ယူနိုင်ပြီး ၁၈-၅-၂၀၂၃ ရက် နောက်ဆုံးထား၍ မိမိတို့တက်ရောက်လိုသည့် ကျောင်းများသို့ လျှောက်လွှာတင်သွင်းရမည်ဖြစ်သည်။

၇။ အသေးစိတ်သိရှိလိုပါက အပိုဒ်(၁)ပါ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များ တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးများ၊ ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)၊ ၀၆၇-၃၄၁၀၂၉၆ သို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ ကွင်းအမှတ် (၁၇/၃၊ ခေမာသီရိ)၊ ဦးပိုင်အမှတ် (၁၈/ဃ)၊ မြေဧရိယာ ၀.၁၁၃ဧကရှိမြေကွက်အား မူလက ဦးနန္ဒလားလ် အမည်ဖြင့် ၃၀-၆-၂၀၂၀ရက်နေ့အထိ မြေငှားဂရန်သက်တမ်းရရှိထားသော မြေကွက်ဖြစ်ပြီး မူလဂရန်အမည်ပေါက်သူ ဦးနန္ဒလားလ်မှာ ၃၁-၁-၂၀၀၆ ရက်တွင်လည်းကောင်း၊ ၎င်း၏ဇနီးဖြစ်သူ ဒေါ်မဒူးမာယာမှာ ၁၅-၆-၂၀၀၀ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားခဲ့ကြပြီး ၎င်းတို့တွင် ဦးဒီလိကူမား၊ ဒေါ်ဆွန်ဂျာမာယာ၊ ဦးကျန်တာဗဟာဒူး၊ ဒေါ်ဆန်သီမာယာ၊ ဦးဆရ်ဂါရ်တို့သားသမီး (၅)ဦးထွန်းကားခဲ့ရာ ၎င်းတို့ (၅)ဦးမှ ၇-၁-၂၀၁၉ရက်စွဲပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်မှတ်ပုံတင်အမှတ် (၂၂၈/၂၀၁၉)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ကြပြီး အမွေဆက်ခံပိုင်ဆိုင်သူ (၅)ဦးအနက် ဦးဒီလိကူမား၊ ဒေါ်ဆွတ်ဂျာမာယာ၊ ဦးကျန်တာဗဟာဒူး၊ ဦးဆရ်ဂါရ်တို့ (၄)ဦးမှ ဒေါ်ဆန်သီမာယာထံသို့ ၁၆-၁-၂၀၁၉ရက်စွဲပါ အိမ်ခြံမြေကွက်အပြီး အပိုင်စွန့်လွှတ်စာချုပ်မှတ်ပုံတင်အမှတ် (၂၃၇/၂၀၁၉)အရ အိမ်ခြံမြေ ကွက်အပြီးအပိုင် စွန့်လွှတ်ခြင်းကို လက်ခံခဲ့ပြီးဖြစ်သဖြင့် ဒေါ်ဆန်သီမာယာ ၁/မကန(နိုင်)၀၂၈၈၅၁ အမည်ဖြင့် အမည်ပြောင်းမြေငှားဂရန် အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်နှင့် လမ်းအထူးအဖွဲ့(၆)တို့ မှ ၂၀၂၃-၂၀၂၄ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော ကတ္တရာ၊ဘိလပ်မြေ၊ ဒီဇယ်ဆီ၊ ကျောက်ရွယ်စုံ၊ သံချောင်းရွယ်စုံနှင့် အခြားလုပ်ငန်းခွင်သုံး ပစ္စည်းများ ဝယ်ယူခြင်းအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ လမ်းအလိုက်၊ အပိုင်းအလိုက် လုပ်ငန်းခွင်အရောက်(မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

**အိတ်ဖွင့်တင်ဒါအမှတ်စဉ်** - (၂/၂၀၂၃-၂၀၂၄)

၁။ **တင်ဒါပုံစံရောင်းချမည့်ရက်/အချိန်** - ၁၁-၅-၂၀၂၃ရက် ၊(ကြာသပတေးနေ့)မှ ၁၇-၅-၂၀၂၃ရက်၊(ဗုဒ္ဓဟူးနေ့)အထိ ၉:၃၀နာရီမှ၁၆:၃၀နာရီအထိ၊ ရုံးချိန်အတွင်း

၂။ **တင်ဒါပုံစံရောင်းချ/ တင်သွင်းရမည့်နေရာ** - ဒုတိယ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းအထူးအဖွဲ့(၆)၊လမ်းဦးစီးဌာန၊ လားရှိုးမြို့ ဖုန်း-၀၈၂-၂၂၀၂၆၁၀၉၊၀၉-၄၂၈၈၆၅၇၅၆
- လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ကျောက်မဲခရိုင်၊ ကျောက်မဲမြို့ ဖုန်း-၀၈၂-၂၉၄၀၀၄၉၊၀၉-၄၂၅၉၆၁၅၅၂

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၈-၅-၂၀၂၃ရက်၊(ကြာသပတေးနေ့) ညနေ ၁၆:၃၀နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၉-၅-၂၀၂၃ရက်၊(သောကြာနေ့) နံနက် ၉:၃၀နာရီ

၅။ **တင်ဒါ စိစစ်ရွေးချယ်မည့်နေရာ**- လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့ ဖုန်း-၀၈၂-၂၉၄၀၀၄၉၊၀၉-၄၂၅၉၆၁၅၅၂

အသေးစိတ် အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9G/5618 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/6292 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ(၁၉)၊ ချင်းတွင်းလမ်း၊ အိမ်အမှတ် ၁၆၃တွင် တည်ရှိသော ဦးစန်းလှိုင်၏ Water Fish သောက်ရေသန့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချရန်ရှိပါသဖြင့် အမည်တူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အကြောင်းပြချက်ဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစန်းလှိုင်**
**ဖုန်း-၀၉-၄၀၄၄၀၄၄၈၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆/၃)၊ ဂန့်ဂေါ်ရိပ်သာလမ်း၊ မြေကွက်အမှတ် (၃၀၂/က)၊ အကျယ်အဝန်း (၂၀ပေ× ၆၀ပေ)ရှိ ဦးမင်းညီ (၁၂/တကန (နိုင်) ၁၀၆၈၇၄)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးမင်းညီ (၁၂/တကန (နိုင်) ၁၀၆၈၇၄)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်အေးအေးမူ |
| LL.B, D.B.L, D.I.L., | LL.B, D.B.L., M.A. (Business Law) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၀၉) |
| | ၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၃၁၁ ၅၁၀၅ |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၆)၊ ကျွန်စစ်သားလမ်း၊ မြေကွက်အမှတ် (၃၈၉)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဒေါ်တင်တင်လှ (၁၂/အစန (နိုင်) ၁၁၂၅၅၇) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်ထူးအောင် (၁၂/ဒဂတ (နိုင်) ၁၉၉၈၁၉) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |
| | ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆ |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉/ B)၊ သမာဓိ(၂)လမ်း၊ မြေကွက်အမှတ်(၃၇၉)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဦးဘတင် (၁၂/ကတတ (နိုင်) ၀၁၁၄၂၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဖခင် ဦးဘတင် နှင့် မိခင် ဒေါ်စန်းတင် တို့ကွယ်လွန်၍ အမွေဆက်ခံခွင့်ရှိသူများဖြစ်သော (၁) ဦးကျော်သူမျိုး (၁၂/ကတတ (နိုင်) ၀၁၁၄၂၇)၊ (၂) ဒေါ်ကေသီခိုင် (၁၂/လမတ (နိုင်) ၀၀၀၉၇၉)၊ (၃) ဒေါ်ကြည်မာခိုင် (၁၂/လမတ (နိုင်) ၀၀၀၉၇၈)နှင့် (၄) ဒေါ်ဆုဆုရင် (၁၂/ကတတ (နိုင်) ၀၀၄၅၃၅) တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန် ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |
| | ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
# အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
# မန္တလေးနည်းပညာတက္ကသိုလ်
# ပါရဂူဘွဲ့သင်တန်းအတွက် သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန လက်အောက်ရှိ မန္တလေးနည်းပညာတက္ကသိုလ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ၂၀၂၃ခုနှစ်၊ ဇွန်လ(၁) ရက်နေ့မှစတင်၍ အောက်ဖော်ပြပါ ပါရဂူဘွဲ့ သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | မြို့ပြအင်ဂျင်နီယာ(အဆောက်အအုံ/ရေအရင်းအမြစ်) | (စ) | မက္ကာထရောနစ်အင်ဂျင်နီယာ |
| (ခ) | စက်မှုအင်ဂျင်နီယာ | (ဆ) | ဓာတုအင်ဂျင်နီယာ |
| (ဂ) | အီလက်ထရောနစ်အင်ဂျင်နီယာ | (ဇ) | နျူကလီးယားအင်ဂျင်နီယာ |
| (ဃ) | လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ | (ဈ) | ဇီဝနည်းပညာ |
| (င) | ကွန်ပျူတာအင်ဂျင်နီယာနှင့် သတင်းအချက်အလက်နည်းပညာ | | |

၂။ အထက်ပါ ပါရဂူဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး ပါရဂူဘွဲ့အကြို သင်တန်း (၁)နှစ်နှင့် သုတေသနကျမ်းပြုသင်တန်း (၂)နှစ် စုစုပေါင်း (၃)နှစ်သင်တန်းဖြစ်ပါသည်။ ပါရဂူဘွဲ့အကြိုသင်တန်း Course Work ဖြေဆိုအောင်မြင်ပြီးသူများအနက် သတ်မှတ်အရည်အချင်း ပြည့်မီသူများကိုသာ ပါရဂူဘွဲ့သုတေသန ကျမ်းပြုသင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည် ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက် အထားမူရင်းနှင့် မိတ္တူများကိုတင်ပြရမည်-

(က) လျှောက်ထားသူနှင့်၎င်းတို့၏ မိဘနှစ်ပါး (၃)ဦးစလုံးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) မဟာအင်ဂျင်နီယာဘွဲ့ (M.E)၊ မဟာသိပ္ပံဘွဲ့ (ဇီဝနည်းပညာ) (M.S.Bio-T)(သို့မဟုတ်) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ အလားတူဘွဲ့တစ်ခုခု ရရှိထားသူ ဖြစ်ရမည်။

(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်(မူရင်း)တင်ပြနိုင်သူ ဖြစ်ရမည်။ ပြစ်မှုကင်းရှင်းရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃)ပုံနှင့် သက်ဆိုင်ရာ အဓိကဘာသာရပ်ဖြင့် မဟာအင်ဂျင်နီယာ၊ မဟာသိပ္ပံ (ဇီဝနည်းပညာ)ဘွဲ့လက်မှတ် (မူရင်းနှင့်မိတ္တူ)တို့ကို တင်ပြရမည်။

၅။ လျှောက်လွှာပုံစံများကို မန္တလေးနည်းပညာတက္ကသိုလ်တွင် (၈-၅-၂၀၂၃)ရက် (တနင်္လာနေ့)တွင် စတင်ထုတ်ယူနိုင်ပြီး (၁၉-၅-၂၀၂၃)ရက် (သောကြာနေ့) နောက်ဆုံးထား၍ ကိုယ်တိုင် လျှောက်ထား ရမည်။ လျှောက်လွှာပါ အချက်အလက်များအား စိစစ်ပြီး မှန်ကန်ပါက (၂၂-၅-၂၀၂၃)ရက် (တနင်္လာနေ့) တွင် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ထုတ်ပေးမည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မန္တလေးနည်းပညာတက္ကသိုလ်တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည် ဖြစ်ပါသည်-

| နေ့ရက် | ဖြေဆိုမည့်ဘာသာရပ် | ဖြေဆိုမည့်အချိန် |
|---|---|---|
| ၂၅-၅-၂၀၂၃(ကြာသပတေးနေ့) | အင်္ဂလိပ်စာ | နံနက်(၉)နာရီမှ (၁၂)နာရီထိ |
| ၂၆-၅-၂၀၂၃(သောကြာနေ့) | သက်ဆိုင်ရာဘာသာရပ် | နံနက်(၉)နာရီမှ (၁၂)နာရီထိ |

၇။ လူတွေ့စစ်ဆေးခံရမည့်သူစာရင်းကို (၂၉-၅-၂၀၂၃)ရက် (တနင်္လာနေ့)တွင် ထုတ်ပြန်ပေးမည် ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို (၃၀-၅-၂၀၂၃)ရက် (အင်္ဂါနေ့)တွင် မန္တလေးနည်းပညာတက္ကသိုလ်၌ ပြုလုပ်မည် ဖြစ်ပါသည်။ ပါရဂူဘွဲ့ သင်တန်း တက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို (၃၁-၅-၂၀၂၃)ရက် (ဗုဒ္ဓဟူးနေ့)တွင် ထုတ်ပြန်ကြေညာမည်။

၈။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို တစ်ပါတည်း ယူဆောင်လာရမည်။

၉။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက မန္တလေးနည်းပညာတက္ကသိုလ် ဖုန်းနံပါတ်- ၀၉-၂၀၁၆၅၀၉ သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**သင်တန်းရေးရာဌာန**
**မန္တလေးနည်းပညာတက္ကသိုလ်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (စ)၊ သုမင်္ဂလာလမ်းမကြီး၊ မြေကွက်အမှတ်(၁၁၉- ၁/၂)၊ အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိ ဦးဝင်းမောင် (၁၂/ဥကမ (နိုင်) ၀၆၉၅၉၅) (CE-၀၉၉၁၅၂) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်ဖခင် ဦးဝင်းမောင် နှင့် မိခင်ဒေါ်သန်းတင် တို့ကွယ်လွန်၍ အမွေဆက်ခံခွင့်ရှိသူများဖြစ်သော (၁) ဒေါ်စန်းစန်းဝင်း (၁၂/ဥကမ (နိုင်) ၀၆၈၈၁၁)၊ (၂) ဒေါ်အေးအေးမြင့် (၁၂/ဥကမ (နိုင်) ၀၆၉၅၀၂)၊ (၃) ဒေါ်ညွန့်ညွန့်ဝင်း (၁၂/ဥကမ (နိုင်) ၀၆၅၈၃၇)၊ (၄) ဒေါ်နုနုဝင်း (၁၂/ဥကမ (နိုင်) ၀၂၇၁၆၁) နှင့် (၅) ဒေါ်မိုးမိုးဟန် (၁၂/ဥကမ (နိုင်) ၀၂၆၆၄၀) တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)
၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၂ယ/၃၂၀၉၉, Honda PCX 160, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသူရရှိန် ၆/ကစန(နိုင်)၁၄၈၇၁၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူး ရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၃ယ/၈၉၅၄၇, Honda PCX 150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးရန်နိုင်လင်း ၆/ပလန(နိုင်)၀၉၀၃၄၂က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၈ယ/၄၃၁၆၆, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်ကျော်ဦး ၆/ထဝန(နိုင်)၀၈၈၅၃၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး(ထားဝယ်)**

# မွန်ပြည်နယ်အစိုးရအဖွဲ့
# မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့
# ကတ္တရာ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်အတွင်း စည်ပင်သာယာရေးအဖွဲ့များ၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းလုပ်ငန်းများတွင် အသုံးပြုမည့်(၈၀/၁၀၀) အမျိုးအစား ကတ္တရာ(၇၈.၁၈)တန် တင်သွင်းရန် အိတ်ဖွင့်တင်ဒါ လျှောက်လွှာတစ်စောင်လျှင် တစ်သောင်းငါးထောင်ကျပ်နှုန်းဖြင့် ဝယ်ယူ၍ အောက်ပါအစီအစဉ်အတိုင်း တင်သွင်းနိုင်ပါသည်-

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - ၈-၅-၂၀၂၃ရက် မှ ၁၆-၅-၂၀၂၃ရက် အထိ (ရုံးချိန်အတွင်း)

(ခ) တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်၊ အချိန် - ၁၆-၅-၂၀၂၃ရက်၊ (အင်္ဂါနေ့) ၁၃:၀၀နာရီ

(ဂ) တင်ဒါ ဖွင့်လှစ်မည့်ရက်/အချိန် - ၁၆-၅-၂၀၂၃ ရက်၊ (အင်္ဂါနေ့)(၁၄:၀၀)နာရီ

(ဃ) နေရာ - မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၊ မောင်ငံရပ်၊မော်လမြိုင်မြို့

၂။ အသေးစိတ် သိရှိလိုပါက မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ဖုန်းနံပါတ် ၀၉-၅၂၃၂၂၅၂ နှင့် ၀၉-၄၂၀၇၀၁၉၆၀ တို့သို့ဖြစ်စေ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7L/3562 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မအူပင်)မအူပင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ၁၅ ရပ်ကွက်၊ ၁၁ လမ်း၊ မြေတိုင်းအကွက်အမှတ် (၆-က)၊ လမ်းမကျယ် အကွက်၊ ဦးပိုင်အမှတ် (၄၃/ခ)၊ ဧရိယာ ၀.၀၃၂ဧကရှိ ဦးကျော်မြင့်-ဒေါ်လှလှဝင်းတို့၏ အမည်ပေါက်ပိုင်ဆိုင်သော အရှေ့-ဦးပိုင် (၄၄)၊ အနောက်-ဦးပိုင် (၄၃/င)၊ တောင်-ဦးပိုင် (၈၈/ခ+၈၇/ခ+၈၇/က)၊ မြောက်-၁၁လမ်းအတွင်းရှိ ဘိုးဘွားပိုင်ခြံမြေကွက်ကို ဦးကျော်မြင့်-ဒေါ်လှလှဝင်းအမည်မှ ဒေါ်မြင့်မြင့်မော် အမည်ပြောင်းပေးရန် လျှောက်ထားခြင်းဖြစ်ပါ ၍ ပြောင်း လဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၃၀-၄-၂၀၂၃ရက်မှ ၃၀-၅-၂၀၂၃ရက်အတွင်း ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့် တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်မှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါ သည်။

**မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ တောင်ငူမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ ၁၀၁လမ်း၊ အမှတ် ၁၂၊ ပထမထပ်(ညာ)(၁၂'x၅၀') အကျယ်ရှိ အခန်းအား ဒေါ်ရှာရ်ဘာနူးရ်(AKB-၁၇၄၆၃၂)ထံမှ ဦးဇော်ဇော်လတ် ၁၂/အလန(နိုင်)၀၀၀၉၆၅ က ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေပေးချေထားပြီးဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထားများနှင့်တကွ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**ဦးဇော်ဇော်လတ် ၁၂/အလန(နိုင်)၀၀၀၉၆၅**
**ဖုန်း-၀၉-၉၇၂၇၈၇၄၄၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့၊ ကသဲကျောက်ဆောင်အနောက်ကျပ်ပြင်၊ အမှတ်-က/၇၃နေ ဒေါ်ယဉ်မင်းထွန်း ၉/မကန(နိုင်)၀၇၈၇၀၈၊ မောင်မြင့်မိုရ်လင်း ၉/မကန(နိုင်)၁၆၅၆၂၅တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရှမ်း-ဗမာလူမျိုး၊ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသူ ဒေါ်ယဉ်မင်းထွန်းနှင့် ဦးထွန်းထွန်း ၉/လဝန(နိုင်)၀၂၆၆၂၃တို့ သည် (၂၀၀၂)ခုနှစ်တွင် နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ရာမှ သားဖြစ်သူ မောင်မြင့်မိုရ်လင်း (၂၀) နှစ်အား ထွန်းကားခဲ့ပါသည်။ သို့သော် ၎င်းတို့နှစ်ဦးသည် ၇-၂-၂၀၁၂ရက်၌ နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ကြပြီး နှစ်ဦးပိုင်ပစ္စည်းများခွဲဝေကာ မိမိတို့ရရှိသည့် ပစ္စည်းများကို အသီးသီးခွဲဝေလက်ခံရယူခဲ့ကြပါသည်။ ထိုစဉ်ကတည်းက ၎င်းတို့နှစ်ဦးသည် လမ်းခွဲနေထိုင်ခဲ့ကြပြီး တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွယ်ခြင်းမရှိခဲ့ကြသလို သားဖြစ်သူ မြင့်မိုရ်လင်းအား မိခင်တစ်ဦးတည်းကသာ ယနေ့ချိန်အထိ အုပ်ထိန်းနေထိုင်ခဲ့ပါသည်။

ဒေါ်ယဉ်မင်းထွန်းနှင့် မောင်မြင့်မိုရ်လင်းတို့သားအမိ ဝေစုအဖြစ် ခွဲဝေလက်ခံရရှိခဲ့သည့် မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများအနက်မှ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ ၃၉-လမ်း၊ အမှတ်(၁၃၃)၊ ပထမထပ် (ဝဲဘက်အခန်း)အား မိမိတို့ကသာ လက်ဝယ်ပိုင်ဆိုင်ထားလျက် အကျိုးခံစားမှုရှိပြီး ဒေါ်ယဉ်မင်းထွန်းနှင့် မောင်မြင့်မိုရ်လင်းတို့၏ သဘောတူညီခွင့်ပြုချက်မရှိ၊ သိရှိခြင်းမရှိရဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လျှုဒါန်းခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများမပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယဉ်မင်းထွန်း၊ မောင်မြင့်မိုရ်လင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိုးစိုးလတ် LL.B,WIPO (Switzerland)**
**အထက်တန်းရှေ့နေ (စဉ်-၄၉၅၃၅)**
**အမှတ် (၁၃၈)၊ ပထမထပ်၊ (၃၂)လမ်း (အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၅၅၄၀၅၄၀၄၊ ၀၉-၇၆၄၄၁၀၈၁၄**

## အမည်ပြောင်း

မုံရွာမြို့၊ လယ်တီရပ်နေ ဦးမိုးအောင် ၅/မရန(နိုင်) ၀၂၉၁၄၄၏ သမီး မထူးသွယ်ဟန်အား မရွှေပိုးအိမ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ကန်သာယာကျေးရွာနေ (ဘ)ဦးတင်ငွေ၏သား မောင်ဆလိုင်းဇော်နိုင်အောင် ၈/အလန(နိုင်) ၁၅၅၀၉၆၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-512157)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၉၆၄၇၇၉၀**

## အမည်ပြောင်း

ဦးနေမင်း(ခ)ဦးဇော်မင်းထွန်း ၅/မလန(နိုင်)၀၂၉၆၄၃၏သမီး၊ မုံရွာမြို့၊ အထက(ခွဲ) နန္ဒဝန်(Grade-5)မှ မမို့မို့ဆင့်အား မမိုးမိုးသူ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်၊ ချောင်းဖြူကျေးရွာနေ ဦးကြည်ထွန်း၏ သား မောင်မျိုးမင်းသူ ၈/ မဘန(နိုင်) ၁၀၅၀၇၄ ၏ နိုင်ငံကူးလက်မှတ်အမှတ် MP-602095 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၄၀၆၂၉၉၀၇**

## ပျောက်ဆုံးကြောင်း

ကျွန်မ မသင်းနွယ်အေး ၅/ခပန(နိုင်)၀၁၁၁၆၀ ၏ နိုင်ငံကူးလက်မှတ် နံပါတ် ME-537697 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၀၁၁၄၉၈၁**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ကိုင်းငယ်လေးကျေးရွာနေ ဦးကျော်လှ၏သမီး မလှလှဝင်း ၈/ မလန(နိုင်) ၀၉၀၈၅၀ ၏ နိုင်ငံကူးလက်မှတ်အမှတ် ME-775242 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၈၁၆၀၉၂၉**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8M/7366 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5E/9767 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၄)၊ နဝရတ် (၂)လမ်း၊ မြေကွက်အမှတ် (၇၀၆)၊ မြေပေအကျယ် (၄၀x၆၂ ၁/၂) ပေ၊ ဧရိယာ ၀.၀၅၇ဧက၊ စတုရန်းပေ ၂၅၀၀ရှိ နှစ် ၆၀ ဂရန်မြေကွက်အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးမင်းသူ ၁၄/ဝခမ(နိုင်)၁၃၇၇၆၈က ထိုမြေကွက်ကို မိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါမြေကွက်အား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဟန်ဘိုဘိုလွင် ၁၀/မလမ(နိုင်)၁၈၂၄၉၇ က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့်**
**LL.B,D.B.L, D.M.L, D.I.L(W.I.P.O- Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၉၉၃၉)**
**အမှတ် ၅၂၅/ခ၊ မင်းရဲကျော်စွာ ၄လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၇၊ ဗိုလ်ချုပ်လမ်းသွယ်)(၁)၊မြေကွက်အမှတ် ၁၁၀၆၊ မြေပေအကျယ်(၄၀ပေx၆၀)ပေ၊ ဧရိယာ ၀ဒသမ၀၅၅ ဧက၊ စတုရန်းပေ ၂၄၀၀ရှိ ဦးသိန်းစိန် (AH-၀၇၁၉၁၄)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အား အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်လက် ဝယ်ထားရှိသူ ဦးသန့်ဇင် ၁၂/မဘန(နိုင်)၀၀၅၁၆၅ က ယင်းမြေကွက်နှင့်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော RC(၁)ထပ်လုံးချင်းနေအိမ် အပါအဝင်ကို မိမိသာတရားဝင် ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါ အိမ်ခြံမြေကွက်အား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L,D.I.L,(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)၊**
**အမှတ် ၅၂၅/ခ၊ မင်းရဲကျော်စွာ ၄လမ်း**
**(၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## မန္တလေးနည်းပညာတက္ကသိုလ်
## မဟာအင်ဂျင်နီယာဘွဲ့၊ မဟာဗိသုကာဘွဲ့၊ မဟာသိပ္ပံဇီဝနည်းပညာဘွဲ့ သင်တန်းများအတွက် သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန လက်အောက်ရှိ မန္တလေးနည်းပညာတက္ကသိုလ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ၂၀၂၃ခုနှစ်၊ ဇွန်လ(၁) ရက်နေ့မှစတင်၍ အောက်ဖော်ပြပါ မဟာဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | မြို့ပြအင်ဂျင်နီယာ(အဆောက်အအုံ/ရေအရင်းအမြစ်) | (စ) | မက္ကာထရောနစ်အင်ဂျင်နီယာ |
| (ခ) | စက်မှုအင်ဂျင်နီယာ | (ဆ) | ဓာတုအင်ဂျင်နီယာ |
| (ဂ) | အီလက်ထရောနစ်အင်ဂျင်နီယာ | (ဇ) | နျူကလီးယားအင်ဂျင်နီယာ |
| (ဃ) | လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ | (ဈ) | ဗိသုကာ |
| (င) | ကွန်ပျူတာအင်ဂျင်နီယာနှင့် သတင်းအချက်အလက်နည်းပညာ | (ည) | ဇီဝနည်းပညာ |

၂။ အထက်ပါမဟာဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး မဟာဘွဲ့အကြို သင်တန်း (၁)နှစ်နှင့် သုတေသနကျမ်းပြုသင်တန်း (၁)နှစ် စုစုပေါင်း (၂)နှစ်သင်တန်းဖြစ်ပါသည်။ မဟာဘွဲ့အကြိုသင်တန်း Course Work ဖြေဆိုအောင်မြင်ပြီးသူများအနက် သတ်မှတ်အရည်အချင်း ပြည့်မီသူများကိုသာ မဟာဘွဲ့သုတေသန ကျမ်းပြုသင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည် ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကိုတင်ပြရမည်-

(က) လျှောက်ထားသူနှင့်၎င်းတို့၏ မိဘနှစ်ပါး (၃)ဦးစလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) သက်ဆိုင်ရာအဓိကဘာသာရပ်ဖြင့် အင်ဂျင်နီယာဘွဲ့နှင့်ဗိသုကာဘွဲ့၊ သိပ္ပံဘွဲ့ (ဇီဝနည်းပညာ) ရရှိပြီး မဟာအင်ဂျင်နီယာဘွဲ့နှင့် မဟာဗိသုကာဘွဲ့၊ မဟာသိပ္ပံဇီဝ နည်းပညာသင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူ (သို့မဟုတ်) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ အလားတူဘွဲ့တစ်ခုခုရရှိထားသူ ဖြစ်ရမည်။

(ဂ) သင်တန်းသို့ အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူ ဖြစ်ရမည်။

(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက် (မူရင်း)တင်ပြနိုင်သူ ဖြစ်ရမည်။ ပြစ်မှုကင်းရှင်းရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃)ပုံနှင့် မဟာအင်ဂျင်နီယာ၊ မဟာဗိသုကာနှင့် မဟာသိပ္ပံ(ဇီဝနည်းပညာ)ဘွဲ့သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ကြောင်း အောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ်များမှ ထောက်ခံချက် (မူရင်း) (သို့မဟုတ်) မိတ္တူမှန်ဖြစ်ကြောင်း ထောက်ခံစာ(True Copy) တို့ကို တင်ပြရမည်။

၅။ လျှောက်လွှာပုံစံများကို မန္တလေးနည်းပညာတက္ကသိုလ်တွင် (၈-၅-၂၀၂၃)ရက် (တနင်္လာနေ့)တွင် စတင်ထုတ်ယူနိုင်ပြီး (၁၉-၅-၂၀၂၃)ရက် (သောကြာနေ့) နောက်ဆုံးထား၍ ကိုယ်တိုင် လျှောက်ထားရမည်။ လျှောက်လွှာပါ အချက်အလက်များအား စိစစ်ပြီး မှန်ကန်ပါက (၂၂-၅-၂၀၂၃) ရက် (တနင်္လာနေ့)တွင် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ထုတ်ပေးမည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မန္တလေးနည်းပညာတက္ကသိုလ်တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

| နေ့ရက် | ဖြေဆိုမည့်ဘာသာရပ် | ဖြေဆိုမည့်အချိန် |
|---|---|---|
| ၂၅-၅-၂၀၂၃(ကြာသပတေးနေ့) | အင်္ဂလိပ်စာ | နံနက်(၉)နာရီမှ (၁၂)နာရီထိ |
| ၂၆-၅-၂၀၂၃(သောကြာနေ့) | သက်ဆိုင်ရာဘာသာရပ် | နံနက်(၉)နာရီမှ (၁၂)နာရီထိ |

၇။ လူတွေ့စစ်ဆေးခံရမည့်သူစာရင်းကို (၂၉-၅-၂၀၂၃)ရက် (တနင်္လာနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို (၃၀-၅-၂၀၂၃)ရက် (အင်္ဂါနေ့)တွင် မန္တလေးနည်းပညာတက္ကသိုလ်၌ ပြုလုပ်မည်ဖြစ်ပါသည်။ မဟာဘွဲ့သင်တန်းတက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို (၃၁-၅-၂၀၂၃) ရက် (ဗုဒ္ဓဟူးနေ့)တွင် ထုတ်ပြန်ကြေညာမည်။

၈။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို တစ်ပါတည်းယူဆောင်လာရမည်။

၉။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက မန္တလေးနည်းပညာတက္ကသိုလ် ဖုန်းနံပါတ်- ၀၉-၂၀၁၆၅၀၉ သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**သင်တန်းရေးရာဌာန**
**မန္တလေးနည်းပညာတက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊(၃၀)ရပ်ကွက်၊သခင်ဗဟိန်းလမ်း၊မြေကွက်အမှတ်(၂၇၄)၊မြေအကျယ်အဝန်း(၂၈ပေ/၂၂ပေ×၆၀ပေ)ပေါ်တွင်ဆောက်လုပ်ထားသည့် ၃ထပ်ခွဲတိုက်၏ဒုတိယထပ်၊(၁၈ပေ×၅၇ပေ)ရှိ တိုက်ခန်းတစ်ခန်းနှင့်အကျိုးခံစားခွင့်များအားမြေပိုင်ရှင်အဖြစ်ပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဒေါ်အေးအေးခိုင်(၁၂/မဂဒ(နိုင်)၀၄၄၈၂၇)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်နိုင်ဇင်ဦး LL.B, D.B.L, D.I.P.L**
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၆)
အမှတ် (၁၀၅၁)ပြည့်ဗိုလ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း - ၀၉ ၄၂၀၀၇၀၇၂၉

## မွေးသက္ကရာဇ်အမှန်

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျုံပျော်မြို့နယ်၊ ကရင်တောကျေးရွာနေ ဦးမြင့်ဝင်း၏သမီး ဒေါ်ခင်သီတာ ၁၄/ကပန(နိုင်)၁၃၀၅၂၁ ၏ မွေးသက္ကရာဇ်အမှန်မှာ၂၈-၉-၁၉၇၇ ဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6H/9188 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## သားအဖြစ်မှ(အမွေပြတ်စွန့်လွှတ်ခြင်း)

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မှ ဦးတင်သိန်း-ဒေါ်မြင့်မြင့်သန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အကြောင်းကြားသိစေအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ၏သားဖြစ်သူ ဖြိုးဝေလင်း ၁၂/သကတ(နိုင်)၁၄၀၁၈၀ သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုများအားလိုက်နာခြင်းမရှိဘဲ အမျိုးမျိုးသောကိစ္စရပ်များဖြင့် မိဘနှစ်ပါးနှင့် မိသားစုဝင်များအား ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်သဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝများအား လာရောက်ပြောဆိုခြင်းနှင့် တာဝန်ယူဖြေရှင်းခိုင်းခြင်းများအား တာဝန်ယူဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဖြိုးဝေလင်းနှင့် ပတ်သက်ဆက်နွယ်မှုရှိသူများအနေဖြင့်လည်း သက်ကြီးရွယ်အို မိဘနှစ်ပါးနှင့် ဆွေမျိုး မောင်နှမများ၏ ဂုဏ်သိက္ခာ၊ ထိခိုက် နစ်နာအောင်နည်းအမျိုးမျိုးဖြင့် ပြုမူပြောဆိုခြင်းများ မပြုလုပ်ပါရန်နှင့်ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းထွန်းငြိမ်း(LL.B,D.I.L)** — **ဦးခွန်ကျော်မြင့်လှိုင်(B.Sc,P.G.D.L)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၃၆) — အထက်တန်းရှေ့နေ(စဉ်-၄၉၅၃၃)
အမှတ် ၅၅၊ ပထမထပ်၊ အခန်း ၂၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၈၃၈၉၉၇၁၊ ၀၉-၄၃၀၈၄၅၁၀

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၆၁)ရပ်ကွက်၊ ရောဝဏ်လမ်းမကြီး၊ ရတနာအိမ်ရာစီမံကိန်း၊ ရောချမ်းသာအိမ်ရာ၊ Level (17)၊ တိုက်အမှတ် (14/A)၊ အခန်းအမှတ် (17-318)၊ (၁၀)ခန်းတွဲ RC (18) ထပ်တိုက်အဆောက်အအုံ၏ရေိယာ ၇၁၄ စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးနေမျိုးနိုင် (၁၂/လမတ(နိုင်)၀၀၁၀၂၄)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဒေါ်ဖြိုးခက်မွန် (၁၄/ဖပန(နိုင်)၁၄၄၅၅၈)တို့က အပြီးအပြတ်ဝယ်ယူရန် ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိ သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထား မူရင်းများနှင့်တကွ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြိုးခက်မွန်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ(စဉ်-၄၇၆၂၂)၊**
**အမှတ် (၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်အိမ်ရာ၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်မြို့**
ဖုန်း-၀၉-၅၄၁၀၃၅၄

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၆၁)ရပ်ကွက်၊ ရောဝဏ်လမ်းမကြီး၊ ရတနာအိမ်ရာစီမံကိန်း၊ ရောချမ်းသာအိမ်ရာ၊ Level (17)၊ တိုက်အမှတ် (14/A)၊ အခန်းအမှတ် (17-315)၊ (၁၀)ခန်းတွဲ RC (18) ထပ်တိုက်အဆောက်အအုံ၏ရေိယာ ၈၄၅စတုရန်းပေရှိကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးနေမျိုးနိုင် (၁၂/လမတ(နိုင်)၀၀၁၀၂၄)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သော ဦးအောင်ပိုင်မင်း (၁၂/ဒပန(နိုင်)၀၄၆၄၀၃)၊ ဒေါ်ခိုင်ဇာမွန် (၁၂/ဥကတ(နိုင်)၁၅၃၈၈၄)တို့က အပြီးအပြတ်ဝယ်ယူရန် ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထား မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့် အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မင်းပိုင်နှင့် ဒေါ်ခိုင်ဇာမွန်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ(စဉ်-၄၇၆၂၂)၊**
**အမှတ် (၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်အိမ်ရာ၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်မြို့**
ဖုန်း-၀၉-၅၄၁၀၃၅၄

## ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊လူနေရပ်ကွက်အမှတ်(၁၀၅)၊ ဖြူဟမ္မစိုရ် လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၅၊ မြေကွက်အမှတ် ၈၀၄၊ အကျယ် (၄၀x၆၀)ပေရှိ ပါမစ်မြေကွက်သည် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(မြေနှင့်အခွန်ဌာနခွဲ)က ဦးအုန်းကြွယ် ၁၂/သဃက(နိုင်)၁၃၅၈၁၅ အား အိမ်ဆောက်နေထိုင်ခွင့် ပြုထားသော ပါမစ်မြေကွက်ဖြစ်ပြီး ယင်းမြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ် (၂၀x၆၀)ပေရှိ ခေါင်းရင်းခြမ်း(ဖြူဟမ္မစိုရ်လမ်း) မြေကွက်ကို အရောင်းအဝယ် အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရှိဖြစ်သူဟု ဝန်ခံကတိပြုသူ ဦးမြင့်သန်း ၁၂/ရကန(နိုင်) ၀၆၉၆၅၁ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးလချူးမန်း ၁၃/နခတ(နိုင်)၁၁၁၈၀၁ က အပြီးအပိုင်ဝယ်ယူရန် သဘောတူညီ ၍ စရန်ငွေပေးအပ်ပြီးဖြစ်ပါသည်။

သို့ပါ၍ ယင်းမြေကွက်ရောင်းဝယ်မှုကို ကန့်ကွက်လိုသူသည် ဤကြော်ငြာပါသည့်ရက်မှစ၍၁၀ ရက်အတွင်း ကျွန်ုပ်ထံ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဦးလချူးမန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းအိဇာ LL.B,D.B.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၂၇)**
**အခန်း ၄၀၄၊ တိုက် ၂၃၊ အင်း၀ အိမ်ရာ၊ မြိတ်လမ်းမကြီး၊ (၆၆)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၈၉၉၁၉၃၆၄**

## အများသိစေရန်ကြေညာခြင်း

ဒေါ်သင်းသင်းလှိုင်၊ ဒေါ်ဂျူးစော၊ ဦးတင်မြင့်ဝင်း၊ ဒေါ်ဥမ္မာစော၊ ဦးလင်းထွန်းစော၊ ဒေါ်အေးအေးစောတို့က ၂၆-၁၀-၂၀၂၂ရက်တွင် တောင်ကြီးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာ ချုပ်အမှတ် ၄၀/၂၀၂၃အရ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ အကွက်အမှတ်-၄၊ အကွက်အမည် ရေအေးမြောက်ရပ်၊ ဦးပိုင်အမှတ် (၁၈-ဃ)၊ မြေကွက်အမှတ် ၃၆/၂၆၀၊ ဧရိယာ ၀.၀၉၄ဧကရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် တည်ရှိသောအကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အိမ်အမှတ်-၂၇/၃ နေ (၁) ဒေါ်သင်းသင်း လှိုင် ၁၃/တကန(နိုင်)၀၄၄၆၃၂၊ (၂) ဒေါ်ဂျူးစော ၁၃/တကန(နိုင်)၀၀၆၄၄၄၊ (၃)ဦးတင်မြင့်ဝင်း ၁၃/တကန(နိုင်)၀၀၉၈၆၁၊ (၄) ဒေါ်ဥမ္မာစော ၁၃/တကန(နိုင်)၀၀၆၄၄၅၊ (၅) ဦးလင်းထွန်းစော ၁၃/တကန(နိုင်)၁၉၅၈၅၃တို့မှ ဒေါ်အေးအေးစော ၁၃/တကန(နိုင်)၀၀၆၄၄၆ထံသို့ တောင်ကြီးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၂-၁၂-၂၀၁၃ရက်တွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၃၆၁/၂၀၁၃ ဖြင့် လွှဲအပ်ထားပြီး ယနေ့အချိန်အထိ လွှဲအပ်ပေးသူများမှာ သက်ရှိထင်ရှားနေကာ လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ရုပ်သိမ်းထားခြင်းမရှိသေးပါ။

ထို့ကြောင့် အထက်ပါ အထွေထွေကိုယ်စားလှယ်လွှဲစာအရ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ အကွက် အမှတ် -၄၊ အကွက်အမည် ရေအေးမြောက်ရပ်၊ ဦးပိုင်အမှတ် (၁၈-ဃ)၊ မြေကွက်အမှတ် ၃၆/၂၆၀၊ ဧရိယာ ၀.၀၉၄ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် တည်ရှိသောအကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးစောက အပြည့်အဝလုပ်ဆောင်ခွင့်ရှိသူဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ဒေါ်အေးအေးစော၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းဖစ်မွန်း (LL.B.,LL.M)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၈၆၂၅/၂၀-၁၂-၂၀၁၂)**
**ည/၃၂၆၊ သစ္စာလမ်း၊ ညောင်ဖြူစခန်းရပ်၊ တောင်ကြီးမြို့**

## အမည်ပြောင်း

မော်လမြိုင်ကျွန်းမြို့နယ်၊ ကွဲခြံရေကျော် ကျေးရွာအုပ်စု၊ ဒါးကျကျေးရွာ မူလတန်းကျောင်းမှ (ဘ)ဦးဇော်မင်းခိုင်၏သား မောင်ကိုကိုကျော် (Grade-5)အား မောင်ကာကာကျော်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ကာကာကျော်**

## မွေးသက္ကရာဇ်အမှန်

တောင်ငူမြို့၊ (၇)ရပ်ကွက်၊ ဦးပန်းဖြူလမ်းနေ ဦးသွင်မောင်မောင် ၇/တငန(နိုင်)၀၉၈၆၀၄ ၏သမီး မချွန်းရှိန်ဝင့်ဇာ ၏ မွေးသက္ကရာဇ်အမှန်မှာ ၆-၇-၂၀၀၇ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

မစုကြည်စိုး ၉/ပဘန(နိုင်) ၁၈၉၃၀၂ ၏ Overseas Worker Identification Card ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၁၁၁၀၇၅၄**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဖြိုးဝေယံ ၉/မကန(နိုင်)၁၄၈၇၄၅ ၏ ပတ်စ်ပို့ MA 733482 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၁၈၃၁၇၉၅**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ၁၄ ရပ်ကွက်၊ ကန်လမ်း၊ မြေတိုင်းအကွက်အမှတ် (၆-ခ)၊ လမ်းမကျယ် အကွက်၊ ဦးပိုင်အမှတ် (၁၉/င)၊ ဧရိယာ ၀.၀၅၀ဧကရှိ ဒေါ်ခတီဇာဘီ အမည်ပေါက် ပိုင်ဆိုင်သော အရှေ့-အကွက်အမှတ်-၁၅၊ အနောက်-ဦးပိုင် (၁၈)၊ တောင်-ဦးပိုင် (၁၉/ခ)၊ မြောက်-ဦးပိုင် (၁၉/ဃ) အတွင်းရှိ ဘိုးဘွားပိုင် ခြံမြေကွက်ကို ဒေါ်ခတီဇာဘီ အမည်မှ ဦးဝင်းယုလွင်-ဒေါ်နှင်းနှင်းလွင် အမည်ပြောင်းပေးရန် လျှောက်ထားခြင်းဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၃၀-၄-၂၀၂၃ရက်မှ ၃၀-၅-၂၀၂၃ရက်အတွင်း ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့် တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်မှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**တောင်ငူမြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ နတ်တလင်းမြို့နယ်၊ လယ်မအင်းအုပ်စု၊ဘန့်ဘွေးကုန်း ရွာ နေ ဒေါ်မြင့် မြင့်ခိုင် ၇/နတလ(နိုင်)၀၈၁၂၁၆ ၏ သား မောင်ပိုင်မင်းကို သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘ စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့ ကို (လုံး၀) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**မိခင်-ဒေါ်မြင့်မြင့်ခိုင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်းကျေးရွာ၊ဝေဠုဝန်လမ်း(လမ်းသွယ်)၊ အကျယ် အဝန်း (အလျား ၇၁ပေ၊ အနံပေ ၄၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင် ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်း ပြောဆိုသူ ဒေါ်သင်းသင်းမာထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းဆွေ (LL.B)** — **ဒေါ်ယုဝေလွင်**
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၆၄၈) — တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၀၆)
အမှတ် (၈၅) ဗေဒါလမ်း၊ ပုလဲ (၁)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၄၉၂၅၉၊ ၀၉-၄၂၀၈၁၄၈၀

## ဒေါ်ကြည်ကြည်အေး MKA-၀၀၇၅၁၁
## ယခင် အမှတ် ၁၇၈၊ သီတာရပ်ကွက်
## မြစ်ကြီးနားမြို့နေထိုင်သူ သိစေရန် ကြေညာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ အေးမြသာယာ၊ အမှတ် ၂/၃နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းမင်း လတ် ၁/မကန(နိုင်)၁၀၂၀၁၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ကြည်ကြည်အေး MKA-၀၀၇၅၁၁ သိစေရန် ကြေညာ အပ်သည်မှာ-

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီး ကွက်သစ်ရပ်ကွက်၊ အေးမြသာယာ၊ ကွင်းအမှတ် ၁၅/၂-၅၊ အုတ်ကျင်းအနောက်၊ ဦးပိုင်အမှတ် ၂၆၊ ဧရိယာ ၀ဒသမ ၁၈၄ ဧကရှိ မြေကွက် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို မူလဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်ကြည်ကြည်အေး အမှတ် ၁၇၈၊ သီတာရပ်ကွက်၊ မြစ်ကြီးနားမြို့ထံမှ ၁၉-၁-၁၉၉၃ ရက်တွင် ဦးလဂျာဇော်တန် ကလည်းကောင်း၊ ဦးလဂျာတန်သည် ၂၀-၃-၂၀၀၈ ရက်တွင် ကွယ်လွန်ခဲ့သောကြောင့် အမွေဆက်ခံသူအဖြစ် ဇနီးဖြစ်သူ ဒေါ်ဒိန်လာဂျာရာနှင့် သားဖြစ်သူ မောင်လဂျာဇော်တောင်တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းမင်းလတ် က အထက်ဖော်ပြပါ မြေကွက်၏ ဧရိယာ ၀ဒသမ၁၈၄ ဧကအတွင်းမှ ဧရိယာ ၀ဒသမ ၀၉၂ ဧကကို ၄-၁၀-၂၀၁၀ ရက်တွင် လွှဲပြောင်းဝယ်ယူပြီး လက်ရောက်ရရှိအကျိုးခံစားလာခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းမင်းလတ်သည် ၎င်းတို့ ဝယ်ယူထားသည့် အဆိုပါအိမ်ခြံမြေ အကျိုးခံစားခွင့် အရပ်ရပ်နှင့် ပတ်သက်၍ အရောင်းအဝယ် တရားဝင်အထမြောက်စေရန် မှတ်ပုံတင် စာချုပ်ချုပ်ဆိုလိုသည့်အတွက် အထက်အမည်ပါရောင်းသူ ဒေါ်ကြည်ကြည်အေး အနေဖြင့် ဒေါ်ဝင်းမင်းလတ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ရန် အကြောင်းကြားအပ်ပါသည်။ ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်ဝင်းမင်းလတ်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမဂျီဘရန်အောင် LL.B**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၉၅)
အမှတ် ၃၄၈၊ နယ်မြေ (၄)၊ ကျွန်းပင်သာရပ်ကွက်
မြစ်ကြီးနားမြို့၊ ဖုန်း-၀၉-၂၆၃၀၈၃၅၁၉

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန၊ ပုသိမ်ခရိုင်
## ဧရာဝတီတိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (တင်ဒါအမှတ်-၁/၂၀၂၃-၂၀၂၄)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်အတွင်းရှိ မြို့နယ်/မြို့များမှ ၂၀၂၃ ခုနှစ် ဧပြီလမှ ၂၀၂၄ ခုနှစ် မတ်လအထိ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ပြည်ထောင်စု/တိုင်းဒေသကြီး လမ်း/တံတားလုပ်ငန်းများမှအသုံးပြုရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ လုပ်ငန်းအလိုက် (လုပ်ငန်းခွင်အရောက်)(မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

၂။ လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်း သတ်မှတ်ချက်များကို သက်ဆိုင်ရာ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် ၁၅-၅-၂၀၂၃ ရက်မှ စတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါပိတ်မည့်နေ့ရက်/အချိန် | - | ၂၃-၅-၂၀၂၃ရက် (၁၅:၀၀)နာရီ |
| တင်ဒါဖွင့်မည့်နေရာ | - | လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ပုသိမ်ခရိုင်၊ အမှတ်(၂)နယ်မြေ၊ ရွှေစည်းခုံဘုရားလမ်း၊ ပုသိမ်မြို့ |
| တင်ဒါဖွင့်မည့်နေ့ရက်/အချိန် | - | ၂၄-၅-၂၀၂၃ရက် နံနက် ၁၀:၀၀နာရီ |

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်-

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လမ်းဦးစီးဌာန**
**ပုသိမ်ခရိုင်**
**ဖုန်း-၀၄၂-၂၁၀၉၉၊ ၀၉-၇၇၉၆၂၈၂၇၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအဆင့်၊ ဇုန်(B)၊ တိုက်အမှတ်(B-3)၊ အခန်း အမှတ်(624)၊ Type(A)၊ Area(1261)sqftရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စက်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးသန်းအောင် ၁၂/ပဘတ(နိုင်)၀၀၆၈၀၁ ၊ ဒေါ်အေးအေးလွင် ၁၂/ပဘတ(နိုင်)၀၁၈၅၆၄၊ ဦးဉာဏ်လင်းထက် ၁၂/ဗတထ(နိုင်)၀၄၂၀၈၉ ထံမှ အပြီးအပြတ်ဝယ်ယူ ရန် စရန် ငွေတစ်စိတ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်တော်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက် ကန့်ကွက် နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇင်မာအောင်**
**၈/အလန(နိုင်)၁၃၇၉၆၆**
**ဖုန်း-၀၉-၈၇၉၀၇၉၃၀၆၊ ၀၉-၈၇၉၃၇၃၇၇၃**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ စိုက်ပျိုးရေး(၃) လမ်း၊ အမှတ်(၈၈-ဘီ)၊ အကျယ်အဝန်း(၁၅x၅၀)ပေရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်အိမ် (၂)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်တင်ခိုင် ၈/မမန(နိုင်) ၁၆၀၃၉၇ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သဇင်ဦး ၁၂/ထတပ(နိုင်)၀၇၅၄၄၅က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံ သို့ အထက်ပါမြေကွက်နှင့်ပတ်သက်သည့် ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့် လာ ရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေဇင်အိ (LL.B, D.B.L, D.I.L)**
**အထက်တန်းရှေ့နေ (စဉ်-၄၃၀၆၄/၂၀၁၃)**
**တိုက် (၃၉၀/၄)၊ စက်မှု (၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၀၀၉၇၀၇၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၃၈)၊ မြေကွက်အမှတ် (၉၁၀)၊ အင်ကြင်းလမ်း၊ (၃၈)ရပ်ကွက်၊ ပေ (၄၀x ၆၀)အကျယ်ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းမှတ်တမ်းတွင် ဦးဝင်းတင် အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်အမျိုး အစားမြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးဝင်းတင် ၁၂/လမန(နိုင်) ၀၉၈၉၅၉ ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးအောင်ကျော်မိုး ၁၂/ကမရ(နိုင်)၀၁၄၆၁၂က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ထက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေ ရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဒေါ်သက်သက်မွန် | ဦးသုထက်ကျော်လွင် | ဒေါ်ကြည်လပြည့်ဝန်း |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၁၀၆၀၅/၂၀၁၅) | (စဉ်-၄၉၅၀၂/၂၀၁၈) | (စဉ်-၅၁၉၂၄/၂၀၁၉) |

**တိုက် (၄)၊ အခန်း (၃၁)၊ မြို့ပြအိမ်ရာ (တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(တင်ဒါအမှတ်စဉ်-၁/၂၀၂၃-၂၀၂၄)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ဟင်္သာတခရိုင် လက်အောက်မြို့နယ်များတွင်(၂၀၂၃-၂၀၂၄)ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းတံတားလုပ်ငန်းများ၌ အသုံးပြုရန် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူပြီး (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
